# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၉ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၂၈)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်

# ရခိုင်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၉နာရီတွင် စစ်တွေမြို့ မြို့တော်ခန်းမဦးကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ကော်မရှင်အဖွဲ့ဝင် ဦးမောင်သာလှနှင့် ဦးမြင့်နိုင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍

သတင်းဆောင်းပါး
တင်ထွေး (သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း
ကိုထွေး

# ကျွမ်းကျင်သော စက်မှုလုပ်သားများ မွေးထုတ်ပေးမည့် ရေအနောက်ကမ်းမှ စက်မှုသင်တန်းကျောင်း (ပခုက္ကူ)



ရန်ကုန် ဩဂုတ် ၂၈

ယနေ့ကာလတွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုပညာရပ်သည် အဓိက ကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော် တည်ထောင်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည်။ ကုန်ကြမ်းပစ္စည်းနှင့် ငွေကြေးအရင်းအနှီး မည်မျှပင်ရှိစေကာမူ လူ့စွမ်းအားအရင်းအမြစ် (ကျွမ်းကျင်သော စက်မှုလုပ်သားများ) မပြည့်စုံပါက ဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတစ်ခု တည်ဆောက်၍ဖြစ်နိုင်မည် မဟုတ်ပါချေ။

**စီစဉ်ဆောင်ရွက်**

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် စက်မှုနိုင်ငံတော်သစ်ဆီသို့ တက်လှမ်းနိုင်ရေးအတွက် **‘စက်မှုစွမ်းအား ခေတ်ကျော်လွှား’** ဆောင်ပုဒ်ဖြင့် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်း ညွှန်ကြားမှုဦးစီးဌာနသည် ကျွမ်းကျင်သော စက်မှုလုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

စက်မှုသင်တန်းကျောင်း (ပခုက္ကူ)၏ ပင်မဆောင် အဆောက်အအုံမျက်နှာစာကို တွေ့ရစဉ်။

စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၏ ကြိတ်ခုံ ကိုင်တွယ်မောင်းနှင်မှုသင်တန်းဘာသာရပ် လက်တွေ့ အလုပ်ရုံအတွင်း စက်ပစ္စည်းများကို တွေ့ရစဉ်။



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၉ ရက်)

## ရှက်ဆောင်သယ်ပိုး အများအကျိုး တိုးတက်စည်ပင်အောင်ပန်းဆင်

လူတိုင်းသည် မိမိကိုယ်ကို ကြီးပွားတိုးတက်လိုကြသည်။ မိမိ မိသားစုကို ကြီးပွားတိုးတက်စေလိုကြသည်။ ထိုမှ ထိုမှသည် မိမိနိုင်ငံကို ကြီးပွား တိုးတက်စေလိုကြသည်။ ၎င်းတို့သည် မိသားစုကို ချစ်သော၊ တိုင်းပြည်ကိုချစ်သော လူတိုင်း၏ စိတ်ဆန္ဒပင်ဖြစ်သည်။ ကြီးပွား တိုးတက်ချင်လျှင် လူတိုင်း အလုပ်လုပ်ကြရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာများကို သင်ယူလေ့လာကြရမည်ဖြစ်သည်။

ထိုသို့ တတ်မြောက်ပြီးသော ပညာများဖြင့် ကျရာနေရာတွင် ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်သည်။ ဤကား ပထမအချက်ဖြစ်၏။ ဒုတိယအချက်သည်ကား ကျရာနေရာတွင် ပေးအပ်သောတာဝန်ကို ထမ်းဆောင်စဉ် အများအကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုသော စကားနှင့်အညီ အများအကျိုးကို သယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်သည်။ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းစသည်တို့တည်ဆောက်ခြင်း၊ အများအတွက် ရေတွင်း၊ ရေကန်တူးခြင်း၊ ဇရပ်ဆောက်လုပ်ခြင်း၊ လမ်းနှင့်တံတားခင်းခြင်း၊ ခရီးသွားများနားခိုရန် သစ်ပင်စိုက်ပျိုးခြင်း၊ အပန်းဖြေရန် ပန်းခြံများဆောက်လုပ်ခြင်း၊ အပန်းဖြေရိပ်သာများ ဆောက်လုပ်ခြင်းစသည်တို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သည်။

အများအကျိုးအတွက် တည်ဆောက်ပြီးသော အဆောက်အအုံများကို ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံပေးခြင်း၊ ဒုက္ခတွေ့နေသူကို ကူညီ ရိုင်းပင်းဖေးမခြင်း၊ အခမဲ့ဆေးဝါးကုသပေးခြင်း၊ သတ္တဝါတို့၏ အသက်ကိုကယ်တင်ခြင်း၊ ရပ်ရွာအကျိုးသယ်ပိုးခြင်း စသည်တို့သည် အများအကျိုး ဆောင်ရွက်ခြင်းနှင့်အတူ နိုင်ငံတော်၏အကျိုးကိုပါ ထမ်းဆောင်ခြင်းမည်ပေသည်။

တတိယအချက်သည်ကား ထိုသို့ အများအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးရာတွင် စိတ်ကောင်းစေတနာထားရှိဆောင်ရွက်ရန် အထူးလိုအပ်ပေသည်။ သို့မှသာ လုပ်ဆောင်သမျှအကျိုးအတွက် မိမိတို့ဘဝတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပေသည်။

ဆိုစကားရှိပါသည်။ ပဋိရူပဒေသဝါသောစ-သင့်တော်ရာအရပ်၌ နေထိုင်ခြင်း၊ ပုဗ္ဗေစကတပုညတာ-ကုသိုလ်ကောင်းမှု(အကျိုးပြု လုပ်ငန်း)များကို ပြုလုပ်ခြင်း၊ အတ္တသမ္မာ ပဏီဓိစ-မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံကို ကောင်းအောင်ထားခြင်းဟူ၍ ဖြစ်သည်။ ၎င်းတို့သည် လိုက်နာကျင့်ကြံအပ်သည့် မြတ်သောမင်္ဂလာများဖြစ်သည်။

ဤမြတ်သောမင်္ဂလာများနှင့်အညီ အများအကျိုးကို သယ်ပိုးဆောင်ရွက်ပါက ဦးစွာလက်ငင်း ရရှိသောအကျိုးမှာ ဝမ်းသာပီတိခံစားရရှိမှု ပင်ဖြစ်သည်။ ထို့နောက် ဆက်လက်ရရှိနိုင်သောအကျိုးမှာ မိမိနှင့်တကွ မိမိမိသားစု၊ မိမိတိုင်းပြည် သာယာဝပြော တိုးတက်စည်ပင်ပြီး မျှော်မှန်းရှက်ဆောင်သမျှ အောင်ပန်းဆင်နိုင်ခြင်းပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## ပေါက်မြို့ CDMA-450 စနစ်ဖွင့်ပွဲ
## ဒုတိယဝန်ကြီး ဦးသိန်းထွန်း တက်ရောက်

နေပြည်တော် ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့ CDMA-450 စနစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက်က အဆိုပါ ဆက်သွယ်ရေးစခန်းသစ်၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းထွန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းတို့ တက်ရောက်ကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အတူ CDMA-450 စနစ် ဆက်သွယ်ရေးစခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)**ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့်အဖွဲ့သည် ဆက်သွယ်ရေးစခန်းသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဝေး ဆက်သွယ်မှုများကို စမ်းသပ်ခေါ်ဆိုခဲ့ကြသည်။

**မှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများအား တပ်ဆင်ထားသည့် တန်ဖိုးကြီးစက်ပစ္စည်းများ ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျပြုပြင်ထိန်းသိမ်းသွားရန်နှင့် ဆက်သွယ်မှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ယခုကဲ့သို့ ပေါက်မြို့တွင် CDMA-450 စနစ် ဆက်သွယ်ရေးစခန်းသစ်ကို ဖွင့်လှစ်ခဲ့သည့်အတွက် မြိုင်မြို့၊ ပခုက္ကူမြို့၊ ရေစကြိုမြို့၊ ပေါက်မြို့နှင့် ကမ္မမြို့များတွင် မြို့ပေါ်များတွင်သာမက ကျေးရွာများအထိပါ ဆက်သွယ်မှုများ ကောင်းမွန်စွာ ရရှိနေပြီဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

ဖယ်ခုံ ဩဂုတ် ၂၈

ဖယ်ခုံမြို့နယ်တွင် မိုးရာသီ၌ ကူးစက်တတ်သောရောဂါများ ကာကွယ်နိုင်ရေး လုပ်ငန်းအဖြစ် မြို့နယ်စည်ပင်သာယာ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ဩဂုတ် ၂၇ရက်က မြို့တွင်းဈေးတန်း ရပ်ကွက်နှင့် မြို့မဈေးအတွင်း ခြင်ဆေး ဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းဖေက ကြပ်မတ်ဆောင်ရွက်ပေးခဲ့ သည်။ **(မြို့နယ်စည်ပင်)**

## မီးဘေးကြိုတင်ကာကွယ်ရေး မြင်းခြံ၌ ဆောင်ရွက်

မြင်းခြံ ဩဂုတ် ၂၈

မြင်းခြံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမြင့် ဦးဆောင်၍ မီးသတ်ဌာနမှ ခရိုင်ဦးစီး အရာရှိ၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်မှူးတို့ပါဝင် လျက် ဇူလိုင် ၉ရက်က မြို့တွင်းဈေးများ၏ မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက် ရာတွင် ဈေးများ မီးလောင်ဆုံးရှုံးမှုမရှိစေ ရေးအတွက် လျှပ်စစ်ဝိုင်ယာကြိုးများ၊ အဖွင့် အပိတ်မီးခလုတ်များ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေလှောင်ကန်များ၊ အသင့်ထား အပေါ့စား မီးသတ်စက်များ၊ သဲပုံးရေပုံး၊ မီးချိတ် မီးကပ်များကို စစ်ဆေးပြီး မြို့မဈေး တာဝန်ခံရုံးတွင် ဈေးကော်မတီများ၊ ဈေးသူ ဈေးသားများစုစည်း၍ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် လိုက်နာရမည့်အချက် များကို ပညာပေးဟောပြောသည်။

**(အောက်ပုံ)(မြို့နယ်စည်ပင်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၁၀ (တနင်္ဂနွေနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၀၀ | MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ် |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | **နှောင်ဖွဲ့မမြင်သံယောဇဉ်** တရားတော် (၂) (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ) |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (World Food Festival 2010 အတွေ့အကြုံရှင်းလင်းပွဲ) |
| ၈း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၂) |
| ၈း၄၀ | 7 Golden Girls Live Show (Part-7) |
| ၉း၃၅ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၁၀း၃၅ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** |
| ၁၁း၁၅ | ဗီဒီယိုပြခန်း |
| ၁၁း၃၀ | မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ ပညာပေးဆွေးနွေးပွဲ (Forum on Nanotechnology) |
| ၁၁း၄၅ | ဒီဂျစ်တယ် အလှကမ္ဘာ |
| ၁၂း၀၅ | Activities in the City (နာဂလိုဏ်ဂူကုသိုလ်ယူ ကလေးဝတောရမွေးနေ့အလှူ) |
| ၁၂း၁၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၅) |
| ၁၂း၄၀ | ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့ |
| ၁း၀၀ | **နှောင်ဖွဲ့မမြင်သံယောဇဉ်** တရားတော် (၂) (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၄၅ | စကားနပန်း (စပ်စုတာကောင်းတယ်၊ မစပ်စုတာကောင်းတယ်) |
| ၃း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၂) |
| ၄း၃၀ | စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ) |
| ၄း၅၀ | Activities in the City (နာဂလိုဏ်ဂူကုသိုလ်ယူ ကလေးဝတောရမွေးနေ့အလှူ) |
| ၄း၅၅ | ဒီဂျစ်တယ် အလှကမ္ဘာ |
| ၅း၁၅ | မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ ပညာပေးဆွေးနွေးပွဲ (Forum on Nanotechnology) |
| ၅း၄၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၅) |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၅၀ | Shooting Making **လောကမှာငွေဟာလေ** ဇာတ်ကားရိုက်ကွင်း |
| ၇း၀၅ | မြတ်နိဗ္ဗူသို့မျှော်ရည်မှန်း အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်တရားစခန်း |
| ၇း၁၅ | ဗီဒီယိုပြခန်း |
| ၇း၃၀ | FMF Selection |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၂၅ | Barclays Premier League **(Liverpool Vs West Bromwich)** |
| ၁၀း၂၅ | စကားနပန်း (စပ်စုတာကောင်းတယ်၊ မစပ်စုတာကောင်းတယ်) |
| ၁၁း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၂) |
| ၁၂း၀၀ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** |
| ၁၂း၃၅ | **လူဖြစ်ရှုံးပါပြီကွာ...** (ရုပ်ရှင်သရုပ်ဆောင်များ) (ဒါရိုက်တာ-ညီညီထွန်းလွင်) |
| ၁၂း၄၀ | ရှေးမှုမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ |
| ၁း၀၀ | အစီအစဉ်ပြီး၏။ |

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၅၅ | Bolton-Birmingham | ESPN (Live) |
| ၈း၂၅ | Liverpool-West Bromwich | STAR SPORTS (Live) |
| ၉း၂၅ | Aston Villa-Everton | ESPN (Live) |
| ၁၀း၃၀ | Sunderland -Man City | ESPN (SDD) |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



## ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သာကေတမြို့နယ် မြန်မာ့ရေနံဝင်းနေ ဦးတင်အောင်၊ ဇနီး ဒေါ်အေးအေးမူ မွေးနေ့အထိမ်းအမှတ် အဖြစ် ထာဝရအဆောက်အအုံ ပဒေသာ ပင်အတွက် ငွေကျပ် ၁၁၂၀၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင် အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင် မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)



ဥတုရာသီ

တောကိုမှီ၏





# ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ပန်းချီ၊ပန်းပု၊ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ပြပွဲတွင်ခင်းကျင်း ပြသထားသော ပန်းချီပညာဌာနမှ ယခုနှစ် ရိုးရိုးဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ ဘွဲ့လွန် ဒီပလိုမာသင်တန်းများမှ ကျောင်းသား ကျောင်းသူတို့၏ ဘွဲ့ယူစွမ်းရည်ပြ ပန်းချီကားများနှင့် ပန်းပုပညာဌာနမှ ကျောင်းသား ကျောင်းသူများ၏ ပန်းပုလက်ရာမွန်ရုပ်တုများကို လှည့်လည်ကြည့်ရှုကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်များသည် ပထမပိုင်းအစီအစဉ်တွင် ဂီတ၊ သဘင် အထူးပြု ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစွမ်းရည်ပြ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

## ပေးအပ်ချီးမြှင့်

ထို့နောက် ပါမောက္ခချုပ် ဒေါ်စန္ဒာခင်နှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ တာဝန်ရှိသူများက ဆုရ ကျောင်းသား ကျောင်းသူများနှင့် ပြပွဲတွင် ပါဝင်ကူညီကြသော ဝန်ထမ်းများအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲသည် မျိုးဆက်သစ် အနုပညာရှင်များ၏ ဖန်တီးနိုင်မှု စွမ်းအားနှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်မည့် အင်အားပြပွဲတစ်ရပ်အဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးဆွေးနွေး

မုံရွာ ဩဂုတ် ၂၈

မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့်ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)က ကြီးမှူးကျင်းပသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဝါနှင့်ပိုးချည်လုပ်ငန်းဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကံရှိန်၊ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့်ပိုးချည်လုပ်ငန်းဌာန (ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မုံရွာခရိုင်အတွင်းရေးမှူး ဦးကံရှိန်က အမှာစကားပြောကြားပြီးနောက် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့်ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးမြင့်ဆွေက ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**







# မြဝတီရုပ်မြင်သံကြား

၂၉-၈-၂၀၁၀

(တနင်္ဂနွေနေ့)

## နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ကပ်လှူပူဇော် သီရိလက်ာ မဟာစေတီစိန်ဖူးတော် |
| ၇း၁၅ | ၄။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

## နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၃၀ | ၄။ | ကာတွန်းအစီအစဉ် **-အမွှာစုံထောက်** (အပိုင်း-၃၄) |
| ၁၁း၂၅ | ၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖေ** |
| ၁၂း၃၀ | ၆။ | ကျန်းမာသုတ |
| ၁၄း၀၀ | ၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆၅) |

## ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ၄။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄း၃၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၅ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၄း၅၅ | ၇။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၀။ | ဘဝကြေးမုံ **မိုးနှောင်း** (အပိုင်း-၁) ဇေယျာ၊ ချစ်စု၊ အိမ့်ဖူးငယ် ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ) |
| ၆း၅၀ | ၁၁။ | ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ |
| ၇း၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၄၃) |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | ကျန်းမာသုတ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၁) |
| | ၂၁။ | **လင်းရောင်စဉ်အတွက်ပုံရိပ်များ** (အပိုင်း-၂၃) |

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေး ဩဂုတ် ၁၀ရက်က ကျောက်တော်မြို့ မြို့သစ်ရပ်ကွက် ဦးအောင်ဇံဝေလမ်း လမ်းဘေးဝဲယာ ချုံနွယ်ပေါင်းမြက်များရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းရေး တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



# ကျောက်စုဆောင်းထားရှိမှု မိုင်းရှူး၌ စစ်ဆေး

မိုင်းရှူး ဩဂုတ် ၂၈

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် စစ်နော်ခမ်းလမ်းခင်းရန် ကျောက်များ စုဆောင်းမှုကို ဇူလိုင် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးအောင်စီနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

# ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ရန်ကုန် ဩဂုတ် ၂၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးခင်မောင်ဆွေသည် ဩဂုတ် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မော်တော်ယာဉ်အသင်းရုံး၌ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ စုစုပေါင်း ၉၅ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းနှင့် မော်တော်ဆိုင်ကယ်အန္တရာယ်ပြစ်မှု လျော့နည်းကျဆင်းရေး ပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

**(ကညန)**

# စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲ မိုးညှင်း၌ ကျင်းပ

မိုးညှင်း ဩဂုတ် ၂၈

စိုက်ပျိုးရေးနည်းပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၉နာရီက မိုးညှင်းခရိုင် မိုးညှင်းမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး၌ ကျင်းပသည်။

## ပို့ချဆွေးနွေး

စိုက်ပျိုးရေးနည်းပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေအသုံးချရေးဌာနခွဲမှ ဒေါက်တာကြည်မြင့်က မြေဆီလွှာထိန်းသိမ်းရေး၊ မြေဆီလွှာပြုပြင်ရေး၊ မြေဆီလွှာတိုးတက်ရေး၊ စပါးသီးနှံတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတန်ဖိုးကို ပြန်လည်အသုံးချရေး ဘာသာရပ်များကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဒေါက်တာကျင်ကျင်ဝင်းက သီးနှံဖျက်ပိုးရောဂါအတွက် ဘာသာရပ်များကိုလည်းကောင်း၊ မျိုးစေ့ဌာနခွဲမှ ဒေါ်ယုဉ်မင်းသန့်က မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး ဘာသာရပ်များကိုလည်းကောင်း ပို့ချဆွေးနွေးသည်။

## တက်ရောက်

အဆိုပါသင်တန်းနှင့် ဆွေးနွေးပွဲသို့ မိုးညှင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာဦးအေးမြင့်မောင်၊ မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်၊ ဟိုပင်မြို့နယ်၊ ကာမိုင်းမြို့နယ်များမှ မြို့နယ်မန်နေဂျာများနှင့် စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**



# တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ (ဇုန်အလိုက်) ဘော်လီဘောပြိုင်ပွဲ(အမျိုးသား)အကြိုဗိုလ်လုပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများ တက္ကသိုလ်/ ဒီဂရီကောလိပ်ပေါင်းစုံ (ဇုန်အလိုက်) ဘော်လီဘောပြိုင်ပွဲ(အမျိုးသား) အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၂၇ရက် နံနက်၉နာရီက မန္တလေးတက္ကသိုလ် အားကစားရုံ (Open Shed) ၌ ဆက်လက်ကျင်းပသည်။ **(ဝဲပုံ)**

## အနိုင်ရ

ပြိုင်ပွဲတွင် မကွေးဇုန်အသင်းက တောင်ကြီးဇုန်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်(၁) ဇုန်အသင်းက မန္တလေးဇုန် အသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တူရကီနိုင်ငံတွင် မြေပြို ၁၂ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

*အန်ကာရာ ဩဂုတ် ၂၈*

*တူရကီနိုင်ငံ ဂန်ဒေါ့ဒူးမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုဖြစ်ပေါ်ပြီး အနည်းဆုံး ၁၂ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၇ရက်တွင် ပြောကြားသည်။*

**ရွှေ့ပြောင်း**

*အဆိုပါမိုးသည် ဩဂုတ် ၂၆ရက်မှစ၍ ရွာသွန်းခြင်းဖြစ်ပြီး ဩဂုတ် ၂၇ရက်အထိ အဆက်မပြတ်ရွာသွန်းခဲ့ပြီးနောက် မြေပြိုခဲ့ခြင်းဖြစ်သည်။ ခုနစ်ဦးဒဏ်ရာရကာ အနည်းဆုံးတစ်ဦး ပျောက်ဆုံးနေပြီး လူပေါင်းတစ်ဒါဇင်ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။*

*ယင်းမြေပြိုမှုကြောင့် နေအိမ်များ၊ ယာဉ်များ မြေကြီးအောက်တွင် နစ်မြုပ်သွားပြီး ဆက်သွယ်ရေးများလည်း ပြတ်တောက်သွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။*

***(အောက်ပုံ) (အင်တာနက်)***



# ဂရိတိုက်လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းစဉ်တိုက်မိ

*အေသင် ဩဂုတ် ၂၈*

*ဂရိနိုင်ငံ ခရိရက်အနောက်တောင်ကမ်းရိုးတန်းဒေသ၌ ဩဂုတ် ၂၆ရက်က ဂရိ အက်ဖ်-၁၆ အက်စ် ဂျက်တိုက်လေယာဉ်နှစ်စင်းတိုက်မိရာ လေယာဉ်မှူးတစ်ဦးသေဆုံးပြီး လေယာဉ်အမှုထမ်းနှစ်ဦး ဒဏ်ရာရရှိကြောင်း ဂရိစစ်ဘက်ဆိုင်ရာရုံးက သတင်းထုတ်ပြန်သည်။*

*အက်ဖ်-၁၆ အက်စ် ဂျက်တိုက်လေယာဉ်ခြောက်စင်း လေ့ကျင့်ပျံသန်းစဉ် လေယာဉ်နှစ်စင်းတိုက်မိခဲ့ပြီး ပျက်ကျပြီးနောက် သုံးနာရီအကြာတွင် လေယာဉ်မှူးတစ်ဦး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ဂရိကယ်ဆယ်ရေးယာဉ်များက လိုက်လံရှာဖွေရာမှ အခြားလေယာဉ်မှူးနှစ်ဦးကို တွေ့ရှိသယ်ဆောင်ကာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု ဆိုသည်။* ***အမ်အင်န်အေ၊ ဆင်ဟွာ***

# အိန္ဒိယတောင်ပိုင်းတွင် စစ်ရဟတ်ယာဉ်ပျက်ကျ

*နယူးဒေလီ ဩဂုတ် ၂၈*

*အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ဘန်ကလောမြို့တောင်ပိုင်းတွင် ဩဂုတ် ၂၇ရက်က အိန္ဒိယစစ်ရဟတ်ယာဉ်တစ်စင်း ကင်းလှည့်နေစဉ် ပျက်ကျသွားခဲ့ရာ နှစ်ဦးဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။ အဆိုပါဖြစ်ပွားမှုမှာ ထိုစစ်ရဟတ်ယာဉ်သည် နံနက်စောစော ကင်းလှည့်နေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူနှစ်ဦးမှာ အခြေအနေဆိုးရွားသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်။ ၎င်းဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။* ***အမ်အင်န်အေ၊ ဆင်ဟွာ***



တရုတ်နိုင်ငံ ရှန်ဒေါင်း ပြည်နယ် ဟူကျန်းမြို့ အနီး၌ ဒိုင်နို ဆောကျောက်ဖြစ်ရုပ်ကြွင်းကို ဩဂုတ် ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ဆိုမာလီပင်လယ်ဓားပြများအား တရားစွဲတော့မည် ကုလအတွင်းရေးမှူးချုပ်၏ အကြံပေးခန့်အပ်

**ဂျီနီဗာ ဩဂုတ် ၂၈**

ဆိုမာလီကမ်းလွန်ဒေသ၌ ကျူးလွန်သည့် ပင်လယ်ဓားပြများအား တရားစွဲရေးတွင် အကူအညီပေးရန် ပြင်သစ်နိုင်ငံသား ဂျက်လန်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အထူးအကြံပေးအရာရှိအဖြစ် ခန့်အပ်လိုက်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူမာတင်နီဆာလီက သတင်းထောက်များအား ဩဂုတ် ၂၇ရက်၌ ပြောကြားသည်။ နိုင်ငံများအားကူညီပေးရန်နှင့် ဖမ်းမိသော ဆိုမာလီပင်လယ်ဓားပြများအား အရေးယူရန်အတွက် ဂျက်လန်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

**ကြေညာ**

ဆိုမာလီကမ်းလွန်၌ ဆက်လက်ပေါ်ပေါက်နေသည့် ပင်လယ်ဓားပြမှုနှင့် ပတ်သက်၍ စိုးရိမ်မကင်းရှိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက မကြာမီကပင် ထုတ်ဖော်ကြေညာထားသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# ကိုရီးယားကားတစ်သန်းကျော် တိုယိုတာကုမ္ပဏီက ပြန်လည်သိမ်းယူ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၈

တိုယိုတာကားကုမ္ပဏီက ၂၀၀၅ခုနှစ်မှ ၂၀၀၈ ခုနှစ်အကြားမော်ဒယ် ကိုရိုလာကားနှင့် ကိုရိုလာမက်ထရစ်ကား အစီးပေါင်း ၁၃သမ၃သန်းကို မြောက်အမေရိကဈေးကွက်မှ ပြန်လည်သိမ်းယူထားကြောင်း သိရသည်။ (ယာပုံ)

၎င်းကားများသည် ဂဟေဆက်သော နေရာများ၌ အက်ကွဲလာခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များကြောင့် ယင်းသို့ပြန်လည် သိမ်းယူရခြင်း ဖြစ်ကြောင်း ကယ်လီဖိုးနီးယားအခြေစိုက် တောရန်းကုမ္ပဏီက ဩဂုတ် ၂၇ရက်တွင် ပြောကြားသည်။

**မပါဝင်**

ပြန်လည်သိမ်းယူသော ကားများတွင် ကိုရိုလာကားနှင့် ကိုရိုလာမက်ထရစ်ကားများမှလွဲ၍ အခြား တိုယိုတာကားများနှင့် ဇိမ်ခံကားများ မပါဝင်ကြောင်း အဆိုပါကားကုမ္ပဏီမှ တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ အမ်အင်န်အေ၊ ဆင်ဟွာ



# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တိုက်ဖျက်ရေး ဗင်နီဇွဲလားနှင့် မက္ကဆီကို ပူးပေါင်းဆောင်ရွက်မည်

**ကရာကက် ဩဂုတ် ၂၈**

နိုင်ငံတကာမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တိုက်ဖျက်ရေးကို ကြိုးပမ်းလျက်ရှိရာ ဗင်နီဇွဲလားနှင့် မက္ကဆီကိုနှစ်နိုင်ငံက ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်ဟု ဩဂုတ် ၂၆ရက်တွင် မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး ပက်ရီကာက ပြောကြားသည်။

**သဘောတူညီ**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာများ ကိုင်တွယ်ဖြေရှင်းရေးကို နိုင်ငံတကာကော်မတီ အစည်းအဝေးကျင်းပရန် စီစဉ်ကာ အပြုသဘောဆောင်ပြီး ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဗင်နီဇွဲလားနှင့်မက္ကဆီကိုနှစ်နိုင်ငံတို့က သဘောတူညီခဲ့ကြသည်။

**ဆွေးနွေးမည်**

ယခုနှစ်နှောင်းပိုင်းတွင် မက္ကဆီကိုနိုင်ငံ၌ ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ (၁၆)ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံ၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချရေးကို အဓိက ဆွေးနွေးမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ဟာရီကိန်းမုန်တိုင်း ဒန်နယ်လီ ဆက်လက် အားကောင်းလာနိုင်

**မီယာမီ ဩဂုတ် ၂၈**

ဟာရီကိန်း ဒန်နယ်လီသည် ဩဂုတ် ၂၇ရက်က မုန်တိုင်းအဆင့် ၄ သို့ ရောက်ရှိကာ အားကောင်းလာလျက်ရှိသည်။ ယခုနှစ်ရာသီအတွက် အတ္တလန္တိတ်သမုဒ္ဒရာမှ ကုန်းတွင်းပိုင်းဝင်ရောက်သည့် မုန်တိုင်းများအနက် ကြီးမားသော ဟာရီကိန်းအဖြစ် ရောက်ရှိလာနိုင်ကြောင်း အမေရိကန် ဟာရီကိန်းဌာနက ပြောကြားသည်။

မုန်တိုင်းဒန်နယ်လီသည် ဘာမြူဒါတြိဂံဒေသ အရှေ့တောင်ဘက် မိုင် ၄၈၀အကွာတွင် တည်ရှိနေပြီး အနောက်မြောက်ဘက်သို့ တစ်နာရီ ၁၈မိုင်နှုန်းဖြင့် ရွေ့လျားနေသည်။

**ခန့်မှန်း**

အဆိုပါ မုန်တိုင်းသည် အမေရိကန်အရှေ့ပိုင်းသို့ မဝင်ရောက်မီ လာမည့်ရက်များအတွင်း ဘာမြူဒါတြိဂံဒေသတွင် လှိုင်းကြီးနိုင်ခြေရှိကြောင်း အမေရိကန်ဟာရီကိန်းဌာနက ခန့်မှန်းထားသည်။ မုန်တိုင်းသည် ဩဂုတ် ၂၈ရက် ညပိုင်းကျော်လွန်လျှင် ဘာမြူဒါအရှေ့ဘက်သို့ ရောက်ရှိလာဖွယ်ရှိသည်။ **အမ်အင်န်အေ၊ ရိုက်တာ**



**ပင်လယ်ရေအောက် မီတာ ၇၀၀၀အထိ ငုပ်လျှိုးနိုင်သည့် ရေငုပ်သင်္ဘောငယ်တစ်စင်းကို တောင်တရုတ်ပင်လယ်၌ ဩဂုတ်၂၇ရက်က တွေ့ရစဉ်။** (အဆိုပါ ရေငုပ်သင်္ဘောငယ်သည် လူလိုက်ပါနိုင်ပြီး ပင်လယ်ရေအောက်၃၇၅၉မီတာအထိ အောင်မြင်စွာ ငုပ်လျှိုးနိုင်ခဲ့သည်။၎င်းရေငုပ်သင်္ဘောငယ်ကို တရုတ်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ လေ့လာရန်အတွက် တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် အမေရိကန်၊ ပြင်သစ်၊ ရုရှားနှင့် ဂျပန်တို့ပြီးလျှင် အဆိုပါနည်းပညာကို ရရှိသည့် ပဉ္စမမြောက်နိုင်ငံဖြစ်လာသည်။) **(အင်တာနက်ဓာတ်ပုံ)**



# နီကာရာဂွါတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူ၃၄ဦးအထိ တိုးလာခဲ့

**မာနာဂွါ ဩဂုတ် ၂၈**

နီကာရာဂွါနိုင်ငံတွင် မေလကတည်းက ရွာသွန်းခဲ့သော မိုးသည်းထန်မှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ရာ ဩဂုတ် ၂၇ရက်အထိ သေဆုံးသူ ၃၄ဦးအထိ ရှိသွားပြီဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောကြားသည်။

**သေဆုံး**

အဆိုပါသေဆုံးသူများအနက် ၂၃ ဦးမှာ ဩဂုတ်လအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သုံးဦးမှာ လွန်ခဲ့သော ၂၄နာရီအတွင်းကဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)**

**ဆိုးဆိုးရွားရွားပျက်စီး**

ယင်းမိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခဲ့မှုကြောင့် လူပေါင်း ၈၅၀၀၀ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ကြရသည်။ ဤသို့ မိုးသည်းထန်စွာရွာသွန်းခဲ့၍ နိုင်ငံမြောက်ပိုင်းပြည်နယ်များအတွင်းရှိ လမ်းများမှာ ဆိုးဆိုးရွားရွား ပျက်စီးခဲ့ရသည်။

ထိုသို့မိုးကြီးခဲ့သဖြင့် ကောက်ပဲသီးနှံ စိုက်ခင်းအများအပြားလည်း ပျက်စီးခဲ့ကြောင်း နီကာရာဂွါ ကုန်ထုတ်လုပ်သူများအသင်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

29-8 (04).pmd 1 8/29/2010, 2:58 AM

## မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

➤ အာကာကျော် - စုစည်းသည် ➤



### သီရိလင်္ကာ အမျိုးသမီးခန္ဓာကိုယ်မှ သံမှို ၁၉ချောင်း ခွဲစိတ်ထုတ်နိုင်ခဲ့

ကိုလံဘို ဩဂုတ် ၂၈

ဆော်ဒီအာရေဗျအလုပ်ရှင်သည် မိမိအား မီးဖုတ်ထားသောသံမှိုများ ခန္ဓာကိုယ်အတွင်းသို့ တူနှင့်ရိုက်သွင်းခဲ့ကြောင်း၊ ခန္ဓာကိုယ်အတွင်း သံမှို ရိုက်သွင်းခံရသည့် သီရိလင်္ကာအိမ်ဖော်တစ်ဦးက ဆရာဝန်များကို ပြောပြသည်။

အဆိုပါသီရိလင်္ကာအမျိုးသမီး ခန္ဓာကိုယ်အတွင်း၌ နှစ်လက်မအရှည် သံမှို ၂၄ ချောင်းရိုက်သွင်းခံရပြီး ၁၉ ချောင်းကို သီရိလင်္ကာတောင်ပိုင်း ဘန်ဘူရပီတီယာဆေးရုံ၌ ခွဲစိတ်ဖယ်ရှားပေးနိုင်ခဲ့ကြောင်း၊ ကျန်သုံးချောင်းမှာ နဖူး၊ လက်ဖဝါးနှင့် ခြေထောက်တို့တွင်ရှိပြီး ဆက်လက်ခွဲစိတ်နေကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါအမျိုးသမီးမှာ အသက်(၄၉)နှစ်ရှိ အရီယာဝါသီဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

### အာဖဂန်ရှိနေတိုးအခြေစိုက်စခန်းများ တာလီဘန်တို့ တိုက်ခိုက်

ခို့စ် ဩဂုတ် ၂၈

**တာလီဘန်တိုက်ခိုက်ရေးသမားများက အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်အရှေ့ပိုင်းရှိ နေတိုးအခြေစိုက်စခန်းကို ဩဂုတ် ၂၈ ရက် နံနက်စောစောပိုင်းက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။** (အောက်ပုံ)



**တာလီဘန် တိုက်ခိုက်ရေးအဖွဲ့က ခို့စ်ပြည်နယ်ရှိ နေတိုးအခြေစိုက်စခန်းနှစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော် နေတိုးအဖွဲ့၏ တိုက်ခိုက်မှုကြောင့် တိုက်ခိုက်ရေးသမား ၁၃ဦးစလုံး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူလေးဦးမှာ ခန္ဓာကိုယ်တွင် အသေခံဗုံးခွဲရန် ဗုံးသီးများ ချိတ်ဆွဲပတ်ထားကြကြောင်း ပြည်နယ်ရဲအရာရှိ အဗ္ဗဒူဟာကင်အစ်ရှာဇိုင်းက ပြောကြားသည်။**

(အမ်အင်န်အေ၊ဆင်ဟွာ)

### မက္ကဆီကို၌ လူ ၁၄ဦး ထပ်မံအသတ်ခံရ

မက္ကဆီကိုစီးတီး ဩဂုတ် ၂၈

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဂွါယာရီယိုနယ်ပြည်နယ်အတွင်း အသတ်ခံရသည့် လူ ၁၄ ဦး၏အလောင်းများကို တွေ့ခဲ့ရကြောင်း တာဝန်ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ဩဂုတ် ၂၇ ရက်က ပြောကြားခဲ့သည်။

အဆိုပါရုပ်အလောင်းများမှာ ပစိဖိတ်ကမ်းခြေ အကာပူလ်ကိုအပန်းဖြေစခန်းအနီး၌ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ပြည်နယ်တရားရုံးချုပ်ကပြောကြားသည်။

အကာပူလ်ကိုမြို့အပြင်ဘက် ဆာဘာနီလတ်ကျေးရွာအနီးတွင် တွေ့ရှိသော အမျိုးသားခြောက်ဦး၏ ရုပ်အလောင်းများတွင် ခေါင်းနှင့် ခြေထောက်များကို တိတ်နှင့်ပတ်ထားသည်ဟု ဆိုသည်။ အသက် ၂၂ နှစ်နှင့် ၃၈ နှစ်အကြားရှိ အဆိုပါ အမျိုးသားများသည် သေနတ်ဒဏ်ရာများနှင့် သေဆုံးလျက်ရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မက္ကဆီကိုမြောက်ပိုင်း၌ ဩဂုတ် ၂၆ရက်ကလည်း လူသေအလောင်း ၇၇လောင်း တွေ့ရှိခဲ့ကြောင်း၊ ယခု ၁၄လောင်းမှာ မက္ကဆီကိုတောင်ပိုင်း၌ ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အမ်အင်န်အေ၊ ဆင်ဟွာ)**



### တရုတ်၌ အရောင်းပြခန်းမီးလောင်၊ ကိုးဦးဒဏ်ရာရ၊ ကိုးဦးသေဆုံး

ပေကျင်း ဩဂုတ် ၂၈

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဩဂုတ် ၂၈ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးပြီး အခြားကိုးဦး ဒဏ်ရာရခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ မီးလောင်မှုမှာ လျောင်နင်းပြည်နယ်ရှိ ရှန်ရန်းမြို့ အရောင်းပြခန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူနှင့် ဒဏ်ရာရသူများမှာ ဈေးဝယ်သူများနှင့် အရောင်းစာရေးများဖြစ်ကြောင်း၊ မီးလောင်ရသည့် အကြောင်းအရင်းကို စုံစမ်းဆဲဖြစ်ကြာင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)** **(ဆင်ဟွာ)**

## သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေလျက်ရှိသည့် တောင်ကြီးမြို့နယ်က ဘုရားကုန်းရေလှောင်တမံ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-ခင်မောင်သန်း(စက်မှု)



ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး စိုက်ပျိုးရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍများတွင် အကျိုးရှိမည့် ဘက်စုံဆည်တမံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ထီဖောင်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာအနီးရှိ ဘုရားကုန်း ရေထွက်လျှိုအား ပိတ်ပြီး ဘုရားကုန်းရေလှောင်တမံကိုတည်ဆောက်ဖွင့်လှစ်ခဲ့ကြသည်။

### ပန်းတင့်

မိမိတို့သတင်းအဖွဲ့သည် တောင်ကြီးမြို့သို့ ထွက်ခွာခဲ့ပြီး ရှမ်းပြည်နယ် ဆည်မြောင်းဦးစီးဌာနသို့ ရောက်ရှိခဲ့သည်။ ထို့နောက် တောင်ကြီးမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိနှင့်အတူ တောင်ကြီးမှကျောက်သလုံးလမ်းအတိုင်းလာခဲ့ပြီး လေးမိုင်လေးဖာလုံအရောက် အရှေ့ဘက်လမ်းခွဲအတိုင်း နှစ်မိုင်ခန့် ဝင်လာခဲ့ရာ ဘုရားကုန်းကျေးရွာ အနီးတည်ဆောက်ထားသော ဘုရားကုန်းရေလှောင်တမံကို တွေ့ရသည်။ ရေလှောင်တမံကား လှပသော ပတ်ဝန်းကျင်နှင့် စိမ်းမြနေသော တောင်တန်းများကြား ပန်းတင့်လျက် ရှိတော့သည်။

ဘုရားကုန်း ရေလှောင်တမံရှင်းလင်းဆောင်၌ ဦးစီးအရာရှိ ဦးသာထွန်းစိန်နှင့် ဦးစီးမှူး ဦးခွန်ပန်းတင်တို့က ရေလှောင်တမံနှင့်ပတ်သက်၍ ဤသို့ ရှင်းလင်းပြသကြသည်။

### ရေပေးဝေ

ဘုရားကုန်းရေလှောင်တမံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ ဘုရားကုန်းရေထွက်လျှိုပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ရေ ၅၁၆ ဧကပေကို သိုလှောင်၍ တောင်ကြီးမြို့နယ် ထီဖောင်ကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ ဧက၂၀၀ကို ရေသွင်းစိုက်ပျိုးရန်ဖြစ်ပြီး ထီဖောင်ကျေးရွာအုပ်စုနှင့် တောင်ကြီးမြို့တို့အတွက် ရေလှောင်တမံမှ ရေကိုသောက်သုံးရေအဖြစ်လည်း ရေပေးဝေသွားနိုင်ရန်ဖြစ်သည်။

**ဘုရားကုန်းရေလှောင်တမံ ရေထိန်းမျှော်စင်ကို ရေသိုလှောင်မှုနှင့်အတူ မြင်တွေ့ရစဉ်။**

ဘုရားကုန်းရေလှောင်တမံ၏ ရေဆင်းဧရိယာသည် ၃ဒသမ၈စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေသည် ဧကပေ၁၉၀၀ ရှိသည်။ ရေထွက်သည် မိုးရာသီ၌ ၅ ကျူးဆက်ဖြစ်ပြီး နွေရာသီတွင် ၀ဒသမ၅ ကျူးဆက်ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအမြင့် ၄၂ပေရှိ၍ တမံအလျား ပေ၉၀၀ရှိသည်။

ကန်ရေပြည့်ရေလှောင်ပမာဏ ရေဂါလန် သန်း၁၄၀ရှိပြီး ကန်ရေသေ ရေလှောင်ပမာဏသည် ရေဂါလန် ၁၃ဒသမ၅သန်းရှိသည်။ ကန်ရေပြည့်ရေပြင်ကျယ်မှာ ၃၆ ဒသမ၅ဧကရှိပြီး ရေထုတ်ပြွန်သည် သံကူကွန်ကရစ်ဖြစ်၍ အလျား ပေ၂၀၀ရှိသည်။ ရေထုတ်ပြွန် အရွယ်အစားမှာ နှစ်ပေအချင်း ကွန်ကရစ်ပိုက်တစ်ပေါက် ဖြစ်သည်။



ရေပိုလွှဲအမျိုးအစားသည် Broad Crested ဖြစ်ပြီး အကျယ်ပေ ၂၀ရှိသည်။ ဆည်ရေသောက်စနစ်ကို လေ့လာရာတွင် တူးမြောင်းမကြီး အလျား ၁ဒသမ၆၃မိုင်၊ လက်တံမြောင်းအလျား ၁မိုင်ရှိသည်။ တူးမြောင်းအဆောက်အအုံပေါင်း ၁၂ခု ရှိသည်။

ဘုရားကုန်းရေလှောင်တမံကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ် အောက်တိုဘာ ၂၁ရက်က အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။ ထို့နောက်တောင်ကြီးမြို့နယ်ထီဗွာကျေးရွာအနီးတွင် တာပေါင်အမျိုးအစား မြေသားတမံဖြင့် ထီဗွာရေလှောင်တမံကို တည်ဆောက်ရန်လျာထားချက်ရှိကြောင်းနှင့် အကျိုးပြုဧရိယာ ဧက၇၀၀ ရှိကြောင်း သိရှိရသည်။

**ဘုရားကုန်း ရေလှောင်တမံကို နောက်ခံလှပသောရှုခင်းများနှင့်အတူ မြင်တွေ့ရစဉ်။**

### အကြီးဆုံးရွာ

ထိုဒေသတွင် နေထိုင်သော တိုင်းရင်းသား ညီအစ်ကိုများသည် ဆောင်းသီးနှံအဖြစ် ကြက်သွန်ဖြူ၊ ပဲစင်းငုံ၊ မြေပဲ၊ ပဲပုပ်၊ ပြောင်း၊ ပန်းနှမ်းနှင့် ဂျုံ တို့ကို စိုက်ပျိုးကြသည်။ ဘုရားကုန်းကျေးရွာအနီးတွင် ညိုမီး၊ လွယ်ကောင်း၊ ဝလီးရွာ၊တောင်ရွေး ရွာများတည်ရှိပြီး လွယ်ကောင်းရွာသည် အကြီးဆုံးရွာ ဖြစ်ကြောင်း သိရသည်။

**ဘုရားကုန်း ရေလှောင်တမံ၏ မြေသားတမံကို တွေ့မြင်ရစဉ်။**

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက အကုန်အကျခံကာ ဒေသခံတိုင်းရင်းသားများ၏လယ်ယာမြေနှင့် သောက်သုံးရေရရှိရေးအတွက် တည်ဆောက်ပေးထားသော ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဘုရားကုန်းရေလှောင်တမံကြီးကို ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။







# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

(၃၉)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက် နံနက် ၈နာရီက နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ ပွဲစဉ်များကို အစီအစဉ်အတိုင်း ကျင်းပသည်။

**ပါဝင်ယှဉ်ပြိုင်**

ရဲချုပ် တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်းများဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တစ်သင်း၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှ တစ်သင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ၁၇ သင်း၊ ရဲလေ့ကျင့်ရေးကျောင်းများမှ သုံးသင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အမျိုးသမီးအသင်းရှစ်သင်း စုစုပေါင်း အသင်း၃၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၆ရက်မှ စက်တင်ဘာ ၄ရက်အထိ ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ရက် မွန်းလွဲ ၂နာရီက ဟားခါးမြို့ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကပ္ပတီလ်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအုန်းချိုက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြပြီး ဟားခါးမြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံကာ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း လုပ်ငန်းတာဝန်များပြီးစီးရေး၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းကျွမ်းကျင်မှုရှိရေးအတွက် လေ့ကျင့်သင်တန်းပေးမှုများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုနယ်မြေများအလိုက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



မရမ်းကုန်းမြို့နယ် ပြည်လမ်း (၈)မိုင်လမ်းဆုံ မြို့ပြအိမ်ရာ အခန်း(၇) တိုက်(၅) နေ ဦးတင်မောင်-ဒေါ်ခင်ဝင်းတို့အား ရည်စူး၍ ဦးဉာဏ်ဆင့်၊ သားမောင်အောင်အောင်ဦး မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)



# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအနေဖြင့် ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီက နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ အဆိုပါဆေးတိုက်ကျွေးခြင်းကို မြို့နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင်နှင့် သားဖွားဆရာမ၊ အရန်သားဖွားဆရာမများ၊ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်မိုးမိုးနှင့် အသင်းဝင်များက ခြောက်လမှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခြင်း၊ သန်ချဆေးပြားတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားပေးခြင်း၊ သုံးလအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးပြားတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင် ရှစ်လအထက် ကိုယ်ဝန်ဆောင်များအား ဗီတာမင်ဘီဝမ်းဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ (၀၉၁)

# ဝက်လက်မြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၁ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဓမ္မစကြာရိပ်သာကျောင်း၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအေးကို (ရဲမှူးကြီး၊ငြိမ်း)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးသန်းငွေက အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အတွင်းရေးမှူး ဦးကျော်ဇောက တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး ဘဏ္ဍာရေးမှူး ဒေါ်ခင်ငွေမြင့်က ဘဏ္ဍာနှစ်အတွင်း အသင်း၏ ရငွေ၊ သုံးငွေအခြေအနေကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ကြပြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

**(အပေါ်ပုံ) (မြန်မာ့အလင်း)**



ရောဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ် ဇရပ်လှအထက (ခွဲ)ကျောင်း ၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက်က ကျင်းပရာ တွဲဖက်ပါမောက္ခ(ငြိမ်း) ဦးခင်စိုးက ဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

# မီးဘေးကာကွယ်ရေး ပင်လောင်း၌ ဆောင်ရွက်

**ပင်လောင်း ဩဂုတ် ၂၈**

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအေးကိုသည် လျှပ်စစ်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၃ရက်က မြို့မဈေးအတွင်း လုံခြုံရေးမီးနှင့် ဆိုင်ခန်းမီးများ သွယ်တန်းထားသည့် ဝိုင်ယာကြိုးများ ကြံ့ခိုင်မှုနှင့် ဆိုင်ခန်းများရှေ့တွင် မီးထိန်းခလုတ် တပ်ဆင်ခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဆင်း

**မူဆယ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးဌာန မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၃ရက် နံနက် ၁၀ နာရီက ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးဌာန(တီးမ) သင်တန်းခန်းမ၌ကျင်းပရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**ရှင်းလင်း**

အခမ်းအနားတွင် မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမောင်သန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ယင်းနောက် ရွှေပြည်သစ်လူငယ်များပြုစုပျိုးထောင်ရေးဌာန တာဝန်ခံ ရဲမှူးကျော်ကျော်က သင်တန်းနှင့်ပတ်သက်၍လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်ကြီးကြပ်ရေးမှူး ဦးအောင်ကိုလတ်က စိုက်ပျိုးရေးစာတွေ့လက်တွေ့လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ သင်တန်းသားများ ကိုယ်စား သင်တန်းသား ကိုကျော်ငွေဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမောင်သန်းက သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲ ကျင်းပရေးညှိနှိုင်း

**ရန်ကုန် ဩဂုတ် ၂၈**

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ရက်က အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး၌ ကျင်းပရာ အဖွဲ့နာယကများနှင့် အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာ ဘုန်းဝေ)တို့က အမှာစကားပြောကြားကြပြီး ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲကျင်းပရေး ကော်မတီ အဖွဲ့ခေါင်းဆောင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့်သောင်း (အောင်မြင့်သောင်း-ဘူမိဗေဒ)က ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲ ကျင်းပရေးစီမံချက်ကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဩဂုတ် ၂၉ရက် **(ယနေ့)** မွန်းလွဲ ၁နာရီမှစ၍ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်း ရေးသူ၊ ဖတ်သူဆွေးနွေးပွဲ ကျင်းပမည် ဖြစ်ကြောင်းသိရသည်။ (၁၂၇)



ဩဂုတ် ၂၅ရက်က အထက(၁) မရမ်းကုန်း ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော မသင်းဆုလှိုင်အား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

# မူးယစ်ကိုပစ် ပန်းတိုင်သစ်

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရေးအတွက် မြို့ပေါ်လမ်းမကြီး ဝဲယာရေနုတ်မြောင်းများအား အဖွဲ့ပိုင်စက်ယန္တရားဖြင့် တူးဖော်နေမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း ဩဂုတ် ၂၃ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လူတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)





# ဝန်ကြီးဦးမောင်မောင်ဆွေ သင်တန်းကျောင်းများစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မသန်စွမ်း သက်ငယ်သင်တန်းကျောင်းသို့ရောက်ရှိ၍ Singapore Association of Myanmar အဖွဲ့အစည်းက ဆောက်လုပ်လှူဒါန်းသော ပေ၅၀ × ၃၀ခန်းမဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ရန်ကုန်မြို့ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း အစည်းအဝေးခန်းမဆောင် ဆောက်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**မိုးညှင်းမြို့နယ် မြို့မဈေးအတွင်းလုံခြုံရေးမီးအတွက် လျှပ်စစ်ကြိုးများသွယ်တန်းထားရှိမှု၊ ဈေးဆိုင်ခန်းများတွင် မီးသုံးစွဲမှု မရှိစေရေးနှင့် မီးဘေးကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများထားရှိမှု၊ ရေကန်များ ရေဖြည့်တင်းထားရှိမှု၊ မီးသတ်ရေတိုင်ငုတ်များအရေးပေါ်မီးငြိမ်းသတ်နိုင်မှုတို့ကို ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်း၊ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကံကြီး၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်ဌေးနှင့် အတွင်းရေးမှူး မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တာဝန်ခံ ဦးညွှန့်ဝေသန်းတို့က ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၃၃)ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၃၃)တွင် အခြေခံပညာအထက်တန်းအဆင့်ရှိသူများ အဲပုဂံတွင် လေယာဉ်မောင်မယ်ဖြစ်နိုင်ပြီ၊ ဂျပန်ကားကုမ္ပဏီကြီး နစ်ဆန်း မြန်မာနိုင်ငံတွင် ကားထုတ်ရန် အထူးစိတ်ဝင်စားနေ၊ အခွန်ဆောင်ပြီး တံဆိပ်ကို အလွဲသုံးစားပြုလုပ်က အရေးယူမည်၊ ကောင်းကင်မှ ထူးဆန်းသော အလင်းတန်းကြီးတစ်ခု မရမ်းကုန်းတွင် ကျရောက်ခဲ့၊ ဝမ်းတွင်း၊ သဲတော၊ မလှိုင်နှင့် နွားထိုးကြီးတို့တွင် ရေတွေကြီး၊ လူ့အညစ်အကြေးနဲ့ ဇီဝဓာတ်ငွေ့ထုတ်ကြမလား၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်ဘဏ်စနစ်ထူထောင်ရန်ရှိ၊ မီးရထားနှင့် ရေယာဉ်များတွင် အသုံးပြုရန် မြင်းကောင်ရေ ၂၂၀၀ရှိ အင်ဂျင်ကြီးများ တရုတ်နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ထုတ်မည် စသည့်ပြည်တွင်း ရေးရာသတင်းများနှင့်အတူ မလေးရှားရောက် ဒုက္ခသည်များ Myanmar CHANNEL၊ သမုဒ္ဒရာ ဂြိုဟ်ကမ္ဘာကို မွေးဖွားခြင်း၊ ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးနှင့် အထွေထွေအရပ်ရပ်အထောက်အထား Myanmar DISCOVERY၊ အထပ်မြင့်အဆောက်အအုံများ လျှပ်စစ်နှင့် မီးဘေးကာကွယ်မှု သတိပြုရန် (၂၁)ချက်၊ အပြစ်မရှိတဲ့အပျော်တွေ ကူးစက်ကြစေချင် ကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အင်တာနက်ခေတ်မှာ ပူးပေါင်းဆောင်ရွက်ခြင်းက အဓိက စီးပွားရေးလုပ်ငန်းဆိုင်ရာ တွေးခေါ်မြော်မြင်သူ ဒွန်တက်စကော့နှင့် The STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အာရှအတွက် ပြင်းထန်သောရာသီဥတုခန့်မှန်းချက်များ ထွက်ပေါ်လာ၊ စင်ကာပူမှ တရုတ်အထိ တောက်လျှောက်မီးရထားလမ်းဖောက်လုပ်ရေး ပထမအဆင့်နီးစပ်မှုရှိလာ၊ မြောက်ကိုရီးယား တိုက်လေယာဉ်တစ်စင်း တရုတ်နိုင်ငံအတွင်းပျက်ကျ၊ ဂျူးတွေကိုမုန်းတဲ့ဟစ်တလာ ဂျူးမျိုးနွယ်က ဆင်းသက်လာ၊ ထိုင်းရဲတပ်ဖွဲ့ဝင်တို့၏ ကပြမှုက You Tube ပွဲကြည့် ပရိသတ်ကို ဆွဲဆောင်မှုပြု၊ ဂိုမ်းစ်ဘွန်းရေငုပ်သင်္ဘောလာပြီ၊ ကမ္ဘောဒီးယားကန္နုကလီးယားနည်းပညာလေ့လာနေ၊ ဖိလစ်ပိုင်တွင် တရားခံကိုနှိပ်စက်သည့် ရဲအရာရှိ ၂၀ ရာထူးချခံရ၊ နီဂရိုးလူမျိုး ၇ဒသမ ၃သန်း အငတ်ဘေးရင်ဆိုင်နေရ စသည့်နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e- Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

# မြဝတီမြို့သာယာလှပရေးဆောင်ရွက်

မြဝတီ ဩဂုတ် ၂၈

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ စုပေါင်း၍ မြဝတီမြို့ သာယာလှပရေးအတွက် ဩဂုတ် ၂၃ရက်က အာရှလမ်းမကြီးဘေး ဝဲယာတစ်လျှောက်ပန်းအလှပင်များ၊ အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

# လာရောက်လေ့လာကြည့်ရှုသင့်သည့် ထိုင်းနိုင်ငံထုတ်ကုန်ပစ္စည်းများပြပွဲ

**ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသလျက်ရှိသည်။**

**သတင်းဆောင်းပါး - ကိုအောင်**

The First Yangon International Products Showcase 2010 ပြပွဲကို ထိုင်းနိုင်ငံရှိ Ministry of Commerce, Department of Export Promotion ရဲ့ ပံ့ပိုးကူညီမှု၊ ရန်ကုန်မြို့ရှိ Royal Thai Embassy နှင့် မြန်မာနိုင်ငံမှ Myanmar Inforithm-Maze Co.,Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၂၇ရက်မှ ၂၉ရက်အထိ သုံးရက်တိုင် ခင်းကျင်းပြသလျက်ရှိပါတယ်။

### တက်ရောက်

ပြပွဲ ဖွင့်ပွဲအခမ်းအနားမှာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပို့ကုန်မြှင့်တင်ရေးဌာန (DEP) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များ အသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ခဲ့ကြပါတယ်။

ထိုင်းနိုင်ငံထုတ် ပစ္စည်းများကိုသာ အဓိကထား ခင်းကျင်းပြသသည့် The First Yangon International Products Showcase 2010 ပြပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အထွေထွေ အတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ်ပေးခဲ့ပါတယ်။



**ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများကို တစ်နေရာတည်း၌ ဝယ်ယူသုံးစွဲနိုင်ရန် တပ်မတော်ခန်းမ၌ ခင်းကျင်းပြသထားရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။**

### တိုးတက်လာ

မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ဟာ အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ရေမြေ၊ သဘာဝ၊ ရာသီဥတု၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေပါ တူညီကာ နှစ်ပေါင်း များစွာကတည်းက ချစ်ခင်ရင်းနှီးလာကြတဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ မြန်မာနဲ့ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးမှာ ပုံမှန်ကုန်သွယ်ရေးသာမက နယ်စပ်ကုန်သွယ်ရေးစနစ်နဲ့ပါ ရောင်းဝယ်ခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏဟာ နှစ်စဉ်တိုးတက်အောင်မြင်လျက်ရှိပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၅၉၃ သန်းသာရှိခဲ့သော်လည်း ၂၀၀၉-၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃၅၅၇သန်း အထိ တိုးတက်လာသည်ကို တွေ့ရပါတယ်။ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု ပြုလုပ်နေသည့် နိုင်ငံများထဲတွင် ထိုင်းနိုင်ငံမှာ ကုန်သွယ်မှု ပမာဏအများဆုံး နံပါတ် (၁)နေရာတွင် ရှိနေပါတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်းများကတစ်ဆင့် ကုန်သွယ်မှုပြုရာမှာ နှစ်နိုင်ငံကုန်သွယ်မှုဟာ ၂၀၀၅-၂၀၀၆ခုနှစ်က အမေရိကန်ဒေါ်လာ ၁၉၉သန်းသာရှိခဲ့ရာမှ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၇၅သန်းအထိ တိုးတက်လာတာကို တွေ့ရပြီး အခြားအိမ်နီးချင်းနိုင်ငံများရဲ့ နယ်စပ်ကုန်သွယ်ရေးပမာဏနဲ့ နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံနဲ့ နယ်စပ်ကုန်သွယ်မှု ပမာဏဟာ ဒုတိယနေရာမှာ ရှိနေပါတယ်။

### အားရဖွယ်

ထို့ပြင် မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ပြည်ပနိုင်ငံပေါင်း ၃၁ နိုင်ငံအနက် ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၁ ခုမှာ အမေရိကန်ဒေါ်လာ ၉၅၆၈ သန်း ထည့်ဝင်လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် နိုင်ငံခြား




ရင်းနှီးမြှုပ်နှံမှုပမာဏရဲ့ ၃၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ အဆင့်အားဖြင့် ပထမ နေရာမှာရှိတာကို အားရဖွယ်တွေ့ရှိရပါတယ်။

ဒါ့ကြောင့် ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက မိတ်ဖက်နိုင်ငံဖြစ်ပြီး အာရှဒေသတွင်း အဖွဲ့အစည်းများဖြစ်တဲ့ ASEAN-CCI, GMS-BF, BIMSTEC, ACMECS Business Council စသည်တို့တွင် ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နဲ့ ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင် အဖွဲ့အစည်းများအကြား နားလည်မှုစာချွန်လွှာ (MoU)များ လက်မှတ်ရေးထိုးပြီး အကျိုးတူ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပို့ကုန်မြှင့်တင်ရေးဌာန (DEP) ရဲ့ စည်းရုံးဦးဆောင်မှုနဲ့ မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်တွေ တွေ့ဆုံပွဲတွေကို မကြာခဏကျင်းပနိုင်ခဲ့ပါတယ်။

### ကြည့်ရှုလေ့လာ

ယခုပြပွဲမှာ ထိုင်းနိုင်ငံထုတ်ကုန်တွေဖြစ်တဲ့ အလှကုန်၊ စားသောက်ကုန်၊ လူသုံးကုန်၊ ပရိဘောဂ၊ ပလတ်စတစ်၊ ကားအလှဆင်ပစ္စည်း၊ ပန်းအလှဆင် ပစ္စည်း၊ အိပ်ရာခန်းဝင်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါး၊ လူသုံး အိမ်သုံးပစ္စည်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ လေကြောင်းလိုင်း ဝန်ဆောင်မှု၊ ခရီးသွား လုပ်ငန်းများ ပါမကျန် ထိုင်းပစ္စည်းတွေကို ဝယ်ယူတင်သွင်းနေသည့် မြန်မာနိုင်ငံမှကုမ္ပဏီ ၅၀ခန့် စုစည်း ပါဝင်ပြသတဲ့ ပွဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရောင်းချနေတဲ့ ထိုင်းနိုင်ငံ ထုတ်ကုန်ပစ္စည်းများကို နေရာအမျိုးမျိုး၊ ဆိုင်အမျိုးမျိုးမှာ အပင်ပန်းခံပြီး လိုက်လံရှာဖွေဝယ်ယူနေစရာ မလိုဘဲ တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာပြီး ဝယ်ယူနိုင်တဲ့ ပြပွဲဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသိန်း အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ၌ ဝန်ထမ်းမိသားစုများ၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (စက်မှု-၂)

# အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်း ဝန်ထမ်းမိသားစုများ၏ သစ်ပင်စိုက်ပျိုးပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၈

**အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသိန်းသည် ယနေ့နံနက် ၆နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ပညာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်တို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ၌ ဝန်ထမ်းမိသားစုများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။**

## ဖော်ထုတ်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲနှင့် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် ဝန်ထမ်းမိသားစုများက စိန်တစ်လုံးသရက်၊ စိန်ပန်း၊ ကြောင်လျှာနှင့် မဲဇလီစသည့် သစ်ပင်ပျိုးပင်များကို စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး သစ်ပင်များအား ပေါင်းသင်မြေရှင်းခြင်းနှင့်အိမ်ရာပတ်လည်ရှိ ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ဝန်ကြီး ဦးစိုးသိန်းသည် ဝန်ထမ်းအိမ်ရာများ၌ တစ်အုပ်တစ်မစိုက်ပျိုးထားသည့် နှစ်ရှည်စားပင်များ၊ အရိပ်ရပင်များ၊ ရာသီသီးနှံပင်များနှင့် ပန်းအလှပင်များကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်စေရန် ဂရုပြုဆောင်ရွက်ရေး၊ အရိပ်ရပြီး မျက်စိပသာဒဖြစ်စေမည့် သစ်ပင်များကို စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ပုံမှန်ရှင်းလင်းရေး၊ ဝန်ထမ်းမိသားစုများအနေဖြင့် ကျန်းမာရေးနှင့်အညီ နေထိုင်စေရေးတို့ကို မှာကြားသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်းများကို ဝန်ထမ်းအိမ်ရာများ၌ ပုံမှန်ဆောင်ရွက်သကဲ့သို့ အပတ်စဉ် သောကြာနေ့တိုင်းတွင် ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကိုလည်းကောင်း၊ တနင်္ဂနွေနေ့တိုင်းတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်ရှိ ဝန်ထမ်းကိုယ်ပိုင်အိမ်ရာများ၌ သစ်ပင်စိုက်ပျိုးရေးနှင့် ချုံနွယ်များ ရှင်းလင်းရေးကို လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ခရိုင်အဖွဲ့ နှစ်ဖွဲ့နှင့် အထူးအဖွဲ့ တစ်ဖွဲ့ စုစုပေါင်း အဖွဲ့ သုံးဖွဲ့တို့မှ တာဝန်ရှိသူများက လမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးရေးအတွက် နေ့ညမပြတ်ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျွဲရှင်းတံတား တည်ဆောက်ရေးလုပ်ငန်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ် မိုင်တိုင်အမှတ် (၀/၀) မှစ၍ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃/၇) တွင် ကွန်ကရစ်ရေပြွန် (Box Culvert) တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ရွှေပန်းရွာအနီးရှိ ရွှေဘုံသာလမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

## ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းဆောင်တွင် ဝန်ကြီးအား အင်ဂျင်နီယာချုပ် ဦးဝင်းဖေက နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ် ၁၀၇မိုင် ၂ဖာလုံအား လမ်းအထူးအဖွဲ့နှစ်ဖွဲ့၊ ခရိုင်အဖွဲ့လေးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၁ဖွဲ့ စုစုပေါင်း ၁၇ဖွဲ့ဖြင့် လုပ်ငန်းများ အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်နေမှုအခြေအနေ၊ တံတားများနှင့် ကွန်ကရစ်ရေပြွန်များ တည်ဆောက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကားလမ်းသစ်ဖြစ်သည့်အတွက် အောက်ခံသိပ်သည်းမှုရရှိအောင် အထပ်ထပ်ကြိတ်ပြီးမှ ကျောက်ခင်းရန်၊ လမ်းကိုကျယ်ရန်၊ ဖြောင့်ရန်၊ အနိမ့်အမြင့်ပြေပြစ်အောင်ဆောင်ရွက်ရန်၊ တံတားများ ကွန်ကရစ်ရေပြွန် (Box Culvert) များကိုလည်း သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လုပ်ငန်းဆောင်ရွက်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

## မှာကြား

ယင်းနောက် ဝန်ကြီးသည် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းသစ် မိုင်တိုင်အမှတ်(၆၅/၀)မှ (၇၀/၀) အပိုင်းတွင် မင်းဘူးခရိုင်က ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ မိုင်တိုင်အမှတ်(၇၀/၀)မှ (၇၅/၀)အပိုင်းတွင် King General Service Co.,Ltd. က ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေနှင့် မိုင်တိုင်အမှတ်(၇၅/၀) မှ (၈၀/၄)အပိုင်းတွင် မကွေးခရိုင်က ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၂၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၂၉ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

# ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနောက်မှ သဘာဝဘေးအန္တရာယ်များ....

သတင်းမှတ်စု

မောင်ချစ်ကြည်

ကမ္ဘာ့ရာသီဥတုက ပြောင်းလဲဖောက်ပြန်လျက်ရှိသည်။ ၎င်း၏ နောက်ဆက်တွဲ ဆိုးကျိုးအဖြစ် မိုးသည်းထန်မှုနှင့် ရေလွှမ်းမှု၊ အပူချိန်မြင့်တက်လာမှုနှင့် တောမီးများ လောင်ကျွမ်းမှု၊ မုန်တိုင်းများဖြစ်ပေါ်မှု၊ ငလျင်လှုပ်မှုနှင့် မီးတောင်ပေါက်ကွဲမှုများအပြင် မြေပြိုမှုများ ကမ္ဘာတစ်ဝန်း၌ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှု မြန်ဆန်လာခြင်းကြောင့် ခန့်မှန်းရခက်ခဲပြီဟု ကမ္ဘာ့ရာသီဥတုဆိုင်ရာ သုတေသနပညာရှင်များ ညည်းတွားနေကြပြီဖြစ်သည်။ လူတို့ပယောဂမကင်းသည့် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကို အပြစ်မဲ့ ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာ အသက်၊ အိုးအိမ်စည်းစိမ်တို့ ပေးဆပ်နေကြရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ မပြီးနိုင်၊ အတောမသတ်နိုင် လုပ်ဆောင်နေကြရသည်။ အတ္တရေးရှုပြီး ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်သော နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများကြောင့် ကမ္ဘာမြေသည် ပူနွေးဆူဝေလာနေခြင်းဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကို ကမ္ဘာ့ပြည်သူတို့ စိုးရိမ်သောကကြီးစွာဖြင့် ရင်ဆိုင်နေကြရခြင်းပင် ဖြစ်သည်။

## နီပေါ

ဩဂုတ် ၂၈ရက်က ထုတ်ပြန်သော ဆင်ဟွာသတင်း၌ နီပေါအရှေ့ပိုင်း ဂျာပါခရိုင်၊ မိုရန်ခရိုင်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် နေအိမ် ၈၀၀ ကျော် ရေလွှမ်းပြီး မိသားစု ရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်နေကြရသည်ဟု ဆို၏။ ဒေသခံ ၆၀ကျော် ရေလွှမ်းဧရိယာအတွင်း ပိတ်မိနေပြီး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကို အရေးတကြီး စောင့်မျှော်နေကြသည်။ နီပေါအစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးနေသော်လည်း အနီးပတ်ဝန်းကျင်ဒေသများက ရေလွှမ်းမှုဆက်လက်ဖြစ်ပွားမည်ကို စိုးတထိတ်ထိတ် ဖြစ်နေကြသည်။ နီပေါနိုင်ငံသမိုင်းတွင် ဆိုးရွားသောရေဘေးဒဏ်ကိုမခံစားခဲ့ရဖူးချေ။ ယခုပထမဆုံးအကြိမ် ရင်ဆိုင်ရခြင်းဖြစ်သည်။ ခန့်မှန်းသုံးသပ်သူ ရာသီဥတုသုတေသနပညာရှင်များက နီပေါ၌ နောက်ထပ် သုံးရက်ခန့်မိုးသည်းထန်စွာ ဆက်တိုက် ရွာသွန်းနိုင်သည်ဟု ဆိုထားပြန်သည်။

နီပေါနိုင်ငံ ရေလွှမ်းမှု မြင်ကွင်း....။





နီကာရာဂွါ ရေလွှမ်းမှု မြင်ကွင်း....။

## နီကာရာဂွါ

နီကာရာဂွါ နိုင်ငံတွင်လည်း ထူးထူးခြားခြား မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း နီကာရာဂွါအစိုးရက သတိပေးချက်များ ဩဂုတ် ၂၈ရက်က ထုတ်ပြန်ထားသည်။ နီကာရာဂွါနိုင်ငံ တောင်ပိုင်းဒေသများတွင် မေလမှစ၍ မိုးဆက်တိုက်ရွာခဲ့သဖြင့် ဩဂုတ် ၂၇ရက်အထိ ဒေသခံ ၃၄ဦး သေဆုံးပြီး ပြည်သူ ၈၅၀၀၀ကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ ယခုလည်း လွန်ခဲ့သည့် လေးရက်မှစ၍ မိုးဆက်တိုက်သည်းထန်စွာ ရွာသွန်းလျက်ရှိသဖြင့် ရေလွှမ်းပြီး သေဆုံးသူ ထပ်မံ တိုးပွားလာဖွယ် ရှိကြောင်း၊ ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုမှာလည်း ယခုအခါ အမေရိကန်ဒေါ်လာ ၁၀သန်းခန့်ရှိကြောင်း ပြောကြားခဲ့သည်။

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံသည် ယခုနှစ်၌ ရေဘေးဒုက္ခ အဆိုးရွားဆုံး ကြုံတွေ့ခံစားနေရသည့်နိုင်ငံ ဖြစ်သည်။ ရေလွှမ်းမှုကြောင့် ပြည်သူ၂၀၀၀နီးပါး သေဆုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်ရှိမည်ဟု ကမ္ဘာ့စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။ ဩဂုတ် ၂၈ရက်၌ ထုတ်ပြန်သော သတင်းအရ ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒေသအချို့၌ မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ရေထပ်မံ လွှမ်းနိုင်မည့် အန္တရာယ်ရှိကြောင်း သတိပေးထားသည်။ အင်ဒုဇ်မြစ်ရေလျှံမှု ဆိုးရွားစွာဖြစ်ပေါ်နိုင်ပြီး ကျေးရွာများရေလွှမ်းမှု ထပ်မံကြုံတွေ့ရနိုင်သည်ဟု ဆိုထားသည်။ ယနေ့အထိ ပါကစ္စတန်ပြည်သူ ၃ဒသမ ၅သန်းခန့် အကူအညီ လိုအပ်နေဆဲ၊ ရေလွှမ်းကျေးရွာ အများအပြား ရှိနေဆဲပင်။ ပါကစ္စတန် အစိုးရက ရေဘေးအန္တရာယ်အတွက် အကူအညီထပ်မံပေးနိုင်ရန် နိုင်ငံတကာသို့ အဆက်မပြတ် အကူအညီ တောင်းလျက်ရှိသည်။

## အမေရိကန်

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တွင် ဩဂုတ်၂၈ရက်အထိ လေးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့သည်။ နေအိမ်နှင့်ကောက်ပဲသီးနှံများ ပျက်စီးခဲ့သည်။ ဆုံးရှုံးမှုအမေရိကန်ဒေါ်လာ သန်း ၁၅၀ခန့် ရှိခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ နေ့စဉ် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်စဉ်နှင့် ရေလွှမ်းမှုများ ဖြစ်ပွားနေကြောင်း၊ နေ့စဉ် ရေလွှမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ရှိနေကြောင်း ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများက ကြိုတင်ခန့်မှန်းရခက်ခဲနေဆဲ၊ လူတို့အတ္တနှင့် ပယောဂတို့ကြောင့် ကမ္ဘာ့ရာသီဥတုက ပြောင်းလဲမှု မြန်ဆန်ပြီး ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရဆဲပင် ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း နန်ချိုရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဩဂုတ် ၂၇ရက် မွန်းလွဲပိုင်းက နေပြည်တော် ခရိုင် ပျဉ်းမနားမြို့နယ် အရှေ့ဘက် ၁၆မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်အတွင်း စီးဝင်နေသော နန်ချိုချောင်းဆုံ၏ အထက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ နန်ချိုရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ရှင်းလင်းဆောင်ရွရပ်မှနေ၍ ဖိအားမြှင့် သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဆွိယာဒ်တည်ဆောက်မည့် မြေနေရာတို့အား စက်ယန္တရားကြီးများဖြင့် မြေကြီးကျောက်သားတူးဖော်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။**

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ရေထိန်းကန် ကွန်ကရစ် သွန်းလောင်းပြီးစီးမှုနှင့် ရေသွယ်ဥမင်လိုဏ် အပိုင်း(၂) အထွက်ပိုင်း ဥမင်လိုဏ်တူးဖော်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ရေတံလျှောက် တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေတံလျှောက် (P1 နှင့် P2) ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စလူချောင်းဝဲဘက်ကမ်း ရေသွယ်ဥမင်လိုဏ် အပိုင်း(၂) အဝင်ပိုင်း ဥမင်လိုဏ်တူးဖော်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရေသွယ် ဥမင်လိုဏ် အပိုင်း(၁) ဥမင်လိုဏ် အတွင်း Concrete Lining လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် တမံဝဲဘက်ကမ်း ရှုရပ်မှနေ၍ ရေထိန်းတမံကွန်ကရစ် သွန်းလောင်းပြီးစီးမှု၊ သွန်းလောင်းရန် ပြင်ဆင်နေမှုနှင့် ရေယူအဆောက်အအုံ လုပ်ငန်း ကွန်ကရစ်သွန်းလောင်းပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ရေထိန်းတမံပေါ်သို့ ရောက်ရှိပြီး ရေထိန်းတမံ ကွန်ကရစ်သွန်းလောင်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြကာ ဝန်ကြီးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများကို စံချိန်စံညွှန်း တိကျမှန်ကန်အောင် စစ်ဆေးကြပ်မတ်ရေး၊ ဂရုစိုက်ရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ် မှာကြားခဲ့သည်။

အဆိုပါ နန်ချိုရေအားလျှပ်စစ်စီမံကိန်းသည် ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၅၇ဒသမ ၄၇ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းပြီးစီးပါက ၂၀မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၄၀မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၅၂သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်သည်။ **(သတင်းစဉ်)**

*ရှေ့ဖုံးမှ*

## ရှင်းလင်းတင်ပြ

ယင်းနောက် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြနှင့် အတွင်းရေးမှူး ဦးကျော်မြင့်တို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက မိမိတို့ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## မေးမြန်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနေ ဘိုးဘိုး ဦးအောင်ကျော်မြင့်(ညွှန်ကြားရေးမှူး)မီးသတ်ဦးစီးဌာန၊ ဘွားဘွား ဒေါ်အေးရီတို့၏ မြေး၊ ဖေဖေ ဗိုလ်ကြီးကျော်စွာလင်း၊ မေမေ ဒေါ်ယုနွယ် အောင်တို့၏သား မောင်အောင်ဘုန်းဇေ(ခ) ဟိန်းသူထက်၏ တစ်နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။** (သတင်းစဉ်)

# စာအုပ်စာပေ လှူမိတ်ဆွေ

# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းအပြင် အသိပညာ ပြန့်ပွားရေးလုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ စက်တင်ဘာ ၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ Yuzana Garden Hotel ၌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့် ဌာနမှူး(ငြိမ်း) မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်က "Overview of the Travel Industry" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်မည့်သူများအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၀၁-၇၃၀၅၀၇၆၁၊ ၂၁၄၉၄၁နှင့် ၂၁၄၉၄၅ တို့သို့ စာရင်းပေးသွင်းနိုင်သည်။ **(သတင်းစဉ်)**

# ခြင်ဆေးခွေအကြောင်း သိကောင်းစရာ

မြန်မာနိုင်ငံ၌ ပိုးသတ်ဆေးဥပဒေကို ၁၉၉၀ပြည့်နှစ်တွင် ရည်ရွယ်ချက်သုံးချက်ဖြင့် နိုင်ငံတော်အစိုးရက ထုတ်ပြန်ခဲ့ပါသည်။ ၄င်းတို့မှာ-

(၁) သုံးစွဲသည့်ပိုးသတ်ဆေးများ အရည်အသွေး မှန်ကန်စွာဖြင့် ထိရောက်မှုရှိခြင်း၊ (ဤအချက်သည် သုံးစွဲသူအပါအဝင် လယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန်ဖြစ်ပါသည်။)

(၂) လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အား အန္တရာယ်ရှိမှု နည်းစေခြင်း၊

(၃) ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲခြင်းကို ကြီးကြပ်ခြင်းနှင့် မှတ်ပုံတင်ထုတ်ပေးခြင်း၊ (ဤအချက်သည် အရည်အသွေးစစ်မှန်သော ပိုးသတ်ဆေးများထုတ်လုပ်သည့် (သို့မဟုတ်) ရောင်းချသည့် ကုမ္ပဏီများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် ဖြစ်ပါသည်။)

ပိုးသတ်ဆေးများ မှတ်ပုံတင်ခြင်းတွင် စိုက်ပျိုးရေးသုံးနှင့် ကျန်းမာရေးသုံး (လူနှင့် အိမ်မွေးတိရစ္ဆာန်များအပါအဝင်)ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ ကျန်းမာရေးသုံး ပိုးသတ်ဆေးများကို တစ်ဖန် ပြည်သူ့ကျန်းမာရေးနှင့် အိမ်တွင်းသုံး ပိုးသတ်ဆေးဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ကျန်းမာရေးသုံးပိုးသတ်ဆေးများဖြင့် လူနှင့်တိရစ္ဆာန်တို့တွင် အင်းဆက်ပိုးမွှားများမှတစ်ဆင့် ကူးစက်ဖြစ်ပွားသော အောက်ဖော်ပြပါ အင်းဆက်ရောဂါပိုးများကို ကာကွယ်နိုင်ပါသည်-

(၁) ပုလိပ်ရောဂါ (Plague)ကို ဖြစ်စေသော ကြွက်သန်းများ (Rat Flea)

(၂) ဒေါင့်သန်းရောဂါ (Anthrax)ကို ဖြစ်စေသော မြင်းတွင် ကျရောက်သော ယင်များ (Horse Fly)

(၃) ငှက်ဖျားရောဂါ (Malaria)ကို ဖြစ်စေသောခြင်များ (Mosquito)

(၄) ဆင်ခြေထောက်ရောဂါ (Filaria)နှင့် သွေးလွန်တုပ်ကွေးရောဂါ (Dengue)ကို ဖြစ်စေသောခြင်များ၊

(၅) ကာလဝမ်းရောဂါ (Dysentery)ကို ဖြစ်စေသောယင်များ၊

(၆) တိုက်ဖွိုက်ရောဂါ (Typhoid)နှင့် အသားရောင်အသားဝါရောဂါ (Yellow Fever)ကို ဖြစ်စေသော ခြင်၊ ယင်နှင့် သန်းများ၊

(၇) အိပ်ငိုက်မျဉ်းရောဂါ (Sleeping Sickness)ကို ဖြစ်စေသော တက်စီယင် (Teste Fly)များ စသည်တို့ကို နှိမ်နင်းနိုင်ပါသည်။

ကျန်းမာရေးသုံးဆေးများတွင် Public Health တွင် သုံးသော ပိုးသတ်ဆေးနှင့် အိမ်တွင်းသုံးစွဲသော ပိုးသတ်ဆေးများ မတူညီကြပါ။ ဥပမာ- Public Health တွင် ခြင်ကာကွယ်ရန်သုံးစွဲသော DDT, Malathion, Diazinon, Fenitrothion စသော ဆေးများကို House Hold များအဖြစ် ခြင်ဆေးခွေများတွင် ထည့်သွင်းသုံးစွဲ၍ မရပါ။ အဘယ်ကြောင့်ဆိုသော် အိမ်တွင်းသုံး (House Hold Use) ဖြစ်သည့်အတွက် လူနှင့် အိမ်မွေးတိရစ္ဆာန်များပါ ပိုးသတ်ဆေးကို ထိတွေ့ရှူရှိုက်ရသဖြင့် အန္တရာယ်များသောကြောင့် ၄င်းပိုးသတ်ဆေးများထက် အန္တရာယ်နည်းသော Synthetic Pyrethroid အုပ်စုဝင် ဆေးများကိုသာ သုံးစွဲကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကန့်သတ်ထားပါသည်။

Public Health တွင် သုံးစွဲသော ဆေးများမှာ DDT, Malathion, Diazinon, fenitrothion, Dichlorvos, Propoxur, Temephos, Chlorpyrifos, Deltamethrin တို့ ဖြစ်ပါသည်။ House Hold Use တွင် သုံးစွဲသော ပိုးသတ်ဆေးများတွင် ဖော်စပ်နည်း (Formulation) အမျိုးမျိုးမှာ ခြင်ဆေးခွေ (Coil)၊ ခြင်ဆေးတိုင် (Stick)၊ လျှပ်စစ်အငွေ့ပျံကိရိယာ (Vapourizer) ဖြင့် သုံးစွဲနေသော (Mat) နှင့် မှုတ်ဆေးခေါ် (Aerosol)များ၊ ဖျန်းဆေး(Spray)များနှင့် လိမ်းဆေး(Lotion)တို့ ပါဝင်ပါသည်။ အထက်ဖော်ပြပါ ဖော်စပ်မှုပုံသဏ္ဌာန်များတွင် ထည့်သွင်းသုံးစွဲသော ဆေးများမှာ သုံးစွဲသူကို အန္တရာယ်နည်းစေသော (Synthetic Pyrethroid) များ ဖြစ်ပါသည်။ အထူးသဖြင့် ခြင်ဆေးခွေများကို သုံးစွဲလျှင် သုံးစွဲသူများပါ မီးခိုးငွေ့၊ အဆိပ်ငွေ့များကို ရှူရှိုက်ရသဖြင့် အန္တရာယ်များသည်။

ယင်းဆေးများအပြင် ခြင်ဆေးခွေများတွင် လူကိုအန္တရာယ်နည်းစေသော သဘာဝဆေး ဂန္ဓမာပွင့်မှရသော Natural Pyerthrin များကိုလည်း ထည့်သွင်း အသုံးပြုနိုင်ပါသည်။

နိုင်ငံတိုင်းမှာ သက်ဆိုင်ရာအစိုးရများက ပြည်သူ့ကျန်းမာရေးအတွက် အလေးထား ဆောင်ရွက်ကြသည့် လှုပ်ရှားမှုများအနက် ခြင်မကိုက်ရန် သို့မဟုတ် ခြင်မှတစ်ဆင့် ပေါက်ပွားလာမည့်ရောဂါများ မဖြစ်ပေါ်နိုင်စေရန် နိုင်ငံတော်အဆင့်က အတိုင်းအတာကြီးမားသော စီမံချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြသကဲ့သို့ တစ်ကိုယ်ရေကျန်းမာရေးအတွက် ပုဂ္ဂိုလ်တစ်ဦးချင်းစီက မိမိပတ်ဝန်းကျင်တွင် ခြင်ယင်ပိုးမွှားများ ကာကွယ်နှိမ်နင်းနိုင်ရေးကိုလည်း ဆောင်ရွက်ကြရသည်။ တစ်ကိုယ်ရေ ခြင်ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးခွေများကို အသုံးပြုခြင်းသည် လူတိုင်းအတွက် အလွယ်တကူ လက်လှမ်းမီသောလုပ်ငန်းဖြစ်၍ ယခုအခါ ပြည်သူအများဆုံး အသုံးပြုလျက်ရှိကြောင်း တွေ့ရပါသည်။

ရှေးယခင်က ခြင်ဆေးခွေပြုလုပ်ရန်အတွက် (Pyrethrum Powder) ကို အများအပြား အသုံးပြုခဲ့ကြပါသည်။ နောင်တွင် Pynamin (allethrin) ကို အစားထိုး ဆေးတု (Synthethic Pyrethroid)အဖြစ် တီထွင်အသုံးပြုခဲ့ပြီး ယခုအခါ ပို၍ကောင်းမွန်သော Pynamin Forte (D-allethrin)ကို အသုံးပြုနေပြီး ဖြစ်ပါသည်။ သမားရိုးကျပိုးမွှားကာကွယ်နှိမ်နင်းသည့်ဆေးများနှင့် နှိုင်းယှဉ်ကြည့်ပါက (Pynamin Forete) ဆေးတွင် ခွေအတွင်းရှိ အငွေ့ဖိအား သိပ်သည်းမှုကြောင့် အငွေ့ပျံနှုန်း (Diffusion Rate) မှာလည်း အထူးကောင်းမွန်သည့်အပြင် အပူချိန်ကိုလည်း တည်ငြိမ်စွာ ထိန်းထားနိုင်သည့်အပြင် ခြင်၊ ယင် ပိုးမွှားများကို လျှပ်တစ်ပြက် ထိခိုက်စေနိုင်သော အစွမ်းထက်သည့် အင်အားရှိပေသည်။ ခြင်ဆေးခွေ၏ ထိရောက်မှုများမှာ လူ့အသွေးအသားကို ဆာလောင်မွတ်သိပ်စွာ မှီဝဲလို၍ ချဉ်းကပ်လာသည့် ခြင်များအား ဆေးခွေမီးရှို့သည့် အနံ့ကိုရသည်နှင့် တစ်ပြိုင်နက် အဝေးသို့ရှောင်ပြေးစေသော ဟန့်တားမှုကြောင့်ပင် ဖြစ်ပေသည်။

ခြင်ဆေးခွေကို မီးရှို့လိုက်သည်နှင့် တစ်ပြိုင်နက် အောက်ပါအကျိုးအာနိသင်ကို ဖြစ်ပေါ်စေပါသည်-

၁။ ဟန့်တားမှု (Deterrency)
ပထမအာနိသင်မှာ ပတ်ဝန်းကျင်တွင်ရှိသောခြင်များကို အိမ်တွင်းသို့ မဝင်ရောက်လာစေရန် ဟန့်တားမှုအကျိုး ဖြစ်ပါသည်။

၂။ နှင်ထုတ်မှု (Expellency)
ဒုတိယအာနိသင်မှာ အိမ်ခန်းတွင်းရှိ ခြင်များကို အပြင်သို့ အလျင်အမြန်ရှောင်ပြေးစေခြင်း ဖြစ်ပါသည်။

၃။ ကြားဖြတ်တိုက်ထုတ်မှု (Interference in host Finding)
တတိယအာနိသင်မှာ အတွင်းသို့ရောက်ရှိနေပြီး သွေးဆာနေသော ခြင်များကို အနံ့ပေးပြီး ကြားဖြတ်တိုက်ထုတ်နိုင်မှု အကျိုး ဖြစ်ပါသည်။

၄။ ခြင်ကိုက်မှုကိုတားမြစ်ခြင်း (Bite Inhibition)
စတုတ္ထအာနိသင်မှာ ကိုက်နေသည့်ခြင်ကိုပင်လျှင် ဆေးငွေ့ဒဏ်ဖြင့် တုန်လှုပ်ရပ်တန့်စေခြင်း ဖြစ်ပါသည်။

၅။ လျှပ်တစ်ပြက်ရိုက်နှက်ခြင်း သို့မဟုတ် မူးလဲစေခြင်း (Knowck down)
ပဥ္စမအာနိသင်မှာ အင်အားကောင်းသော ခြင်ကိုပင်လျှင် အဆိပ်ငွေ့ဖြင့် လျှပ်တစ်ပြက် ရိုက်နှက်ပစ်သကဲ့သို့ ရပ်တန့်သွားစေနိုင်ခြင်း ဖြစ်ပါသည်။

၆။ ခြင်များကိုသေစေခြင်း (Kill)
ဆဋ္ဌမအာနိသင်မှာ မည်မျှအင်အားကောင်းသည့်ခြင်ကိုပင်လျှင် သေစေနိုင်သည့် အကျိုးသက်ရောက်မှုပင် ဖြစ်ပါသည်။

မူလအစတွင် ခြင်ဆေးခွေများကိုပြုလုပ်ရာ၌ (Pyrethrum)ဆေးမှုန့်၊ လွှစာမှုန့်နှင့် ဟင်းသီးဟင်းရွက်မှထွက်သည့် ကပ်စေးနဲတစ်မျိုးကို ရောမွှေပြီး ပြုလုပ်ခဲ့ကြပါသည်။ ယခုအချိန်တွင် ခြင်ဆေးခွေများပြုလုပ်ရာ၌ (Pyrethroid) အတုကို ဆေးအစစ် (Active Ingredient) ပစ္စည်းအဖြစ် အစားထိုး အသုံးပြုပြီး ဒေသန္တရအလိုက် အလွယ်တကူရနိုင်သော သစ်သားမှုန့် (လွှစာမှုန့်)နှင့် အရွက်မှုန့်များကို ပေါင်းစပ်ပစ္စည်းအဖြစ် အသုံးပြုနေကြပါသည်။ ဖော်ပြပါခြင်ဆေးနှင့် ပါဝင်ပေါင်းစပ်မည့် ပစ္စည်းအားလုံးကို စက်အတွင်း ထည့်သွင်းပြီး အချိုးကျအောင် ရောနှောပေါင်းစပ် ပြုလုပ်ရပါသည်။ ၄င်းနောက် (Extruder)စက်မှတစ်ဆင့် အောက်ခံပျဉ်ချပ် (Sheet)တစ်ခုပေါ်တင်ကာ ဆေးမခြောက်မီ ခရုပတ်ခွေများဖြစ်ပေါ်လာအောင် ဖောက်စက်ဖြင့် ဖောက်ပြီးမှ အခြောက်ခံထားရပါသည်။

ခြင်ဆေးခွေများ ဖော်စပ်ထုတ်လုပ်ရာတွင် သုံးစွဲသောပိုးသတ်ဆေးများကို ကုန်ကြမ်း (Technical Grade)ကို တိုက်ရိုက်ထည့်၍ မရပါ။ ကြားခံ Manufacturing Used Product (MUP) အဖြစ် Emulsifiable Concentrate (EC Formulation)ကို ရေဖြင့်ရော၍ ခြင်ဆေးခွေတွင်ပါဝင်သည့် အခြားပစ္စည်းများနှင့် သမအောင်ရောမွှေရပါသည်။ ဥပမာ- D-allethrin အတွက် Pynamin Forte 90 EC ကိုလည်းကောင်း၊ Metofluthrin အတွက် Sumi one 5 EC ကိုလည်းကောင်း၊ Transfluthrin နှင့် Meperfluthrin အတွက် 50 EC ကိုလည်းကောင်း၊ ရေနှင့်ရော၍ လွှစာမှုန့်၊ အုံတုံမှုန့်၊ မီးလောင်စေသော ပစ္စည်း (Burning Agent)၊ အရောင်နှင့်အမွှေးနံ့ (Fregrance)တို့ကို သမအောင် ရောမွှေရပါသည်။

တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသော ခြင်ဆေးခွေအချို့မှာ မီးထွန်းရန်တိုင်ဖြင့် ထွန်း၍မရပါ။ သို့ဖြစ်၍ အပူဒဏ်ခံ ကျောက်ဂွမ်း Asbestos Fiber များ ပြုလုပ်ထားသော မီးခံပြားထည့်သွင်းပေးထားပြီး ခြင်ဆေးခွေကို ယင်းကျောက်ဂွမ်းပြားပေါ်တင်၍ ထွန်းညှိမှသာ ဆက်တိုက်မီးလောင်ပါသည်။ သို့ရာတွင် အချို့သော Asbestos Chemical များမှာ သုံးစွဲသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် နိုင်ငံတကာမှာ သုံးစွဲမှု ပိတ်ပင်ထားပါသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံတွင် ပြည်ပမှ တရားမဝင် ခြင်ဆေးများ ဝင်ရောက်လာပါသည်။ အထက်ဖော်ပြပါ ခြင်ဆေးဘူးများတွင် အချို့မှာ ပါဝင်မှု ဆေးအမျိုးအစားပမာဏကို ဖော်ပြထားပြီး အချို့မှာ လုံးဝဖော်မပြထားပါ။ အထူးသဖြင့် တစ်ဖက်နိုင်ငံမှ ထုတ်လုပ်သော ကျင်းထုံခြင်ဆေးများတွင် ပါဝင်သော ဆေးအမျိုးအစားမှာ မြန်မာနိုင်ငံတွင် မှတ်ပုံမတင်ရသေးသော ပိုးသတ်ဆေးဖြစ်ပြီး ပါဝင်မှုပမာဏသည်လည်း WHO သတ်မှတ်ချက်များထက် (၃ဆ)ခန့် ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင် ခြင်ဆေးခွေများ သုံးစွဲရန် မှတ်ပုံတင်ထားသော ဆေး(၄)မျိုးမှာ-

၁။ D-allethrin
၂။ Es-biothrin
၃။ Metofluthrin
၄။ Prallethirn

တို့ဖြစ်ပြီး မကြာသေးမီက လာရောက်၍ မှတ်ပုံတင်သော ခြင်ဆေး (၂)မျိုးမှာ-

၁။ Meperfluthrin
၂။ Transfluthirn တို့ ဖြစ်ပါသည်။

ယခုအချိန်တွင် ပြည်ပမှ တရားမဝင် ဝင်ရောက်လာသော ခြင်ဆေးခွေများကို သုံးစွဲသူနှင့် ပတ်ဝန်းကျင်အန္တရာယ်ရှိမှု၊ မရှိမှု ပါဝင်သော ဆေးအမျိုးအစားနှင့် ပါဝင်မှုရာခိုင်နှုန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) ပိုးသတ်ဆေးဓာတ်ခွဲခန်းမှ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**တင်ဝင်း (ပိုးသတ်ဆေးဓာတ်ခွဲခန်း)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဘိုးဘွားအမွေအနှစ်များအဖြစ် ထာဝရတည်ရှိနေစေရန် ဥပဒေများဖြင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ထားသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဇုန်များ

(ယမန်နေ့ကအဆက်)

ဇုန်နယ်နိမိတ်သတ်မှတ်ပြဋ္ဌာန်းပြီးသော ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အဆောက်အအုံတည်ရှိရာဇုန်

| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ဇုန်အမျိုးအစား | အမိန့်ကြော်ငြာစာအမှတ်နှင့် ထုတ်ပြန်သည့်ရက်စွဲ |
|---|---|---|---|
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဆိပ်ကမ်းမြို့နယ်အတွင်းရှိ **-ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်နှင့် ယင်းစေတီတော်တည်ရှိရာပရိဝုဏ်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၅/၂၀၀၈ ၄-၇-၂၀၀၈ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ **-ရွှေဘုန်းပွင့်စေတီတော်နှင့် ယင်းစေတီ တည်ရှိရာပရိဝုဏ်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၆/၂၀၀၈ ၄-၇-၂၀၀၈ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်အတွင်းရှိ **-အတုလာမိပတိမဟာမုနိသကျကိုးထပ်ကြီး ဘုရားနှင့် ယင်းဘုရားတည်ရှိရာပရိဝုဏ်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၇/၂၀၀၈ ၄-၇-၂၀၀၈ |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ် **-ကျိုက္ကလို့စေတီတော်နှင့် ယင်းစေတီတည်ရှိရာပရိဝုဏ်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၈/၂၀၀၈ ၄-၇-၂၀၀၈ |
| ၂၀ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် **-မြင်စိုင်းမြို့ဟောင်းဒေသ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိရာဇုန် | ၉/၂၀၀၈ ၂၅-၈-၂၀၀၈ |
| ၂၁ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ် **-ပင်းယဒေသ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁၀/၂၀၀၈ ၂၅-၈-၂၀၀၈ |
| ၂၂ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ် **-ပလိပ်ဒေသ (ဇုန် ၁၊ ဇုန် ၂၊ ဇုန် ၃) -ရတနာလာဘမုနိ ဆုတောင်းပြည့် (မြွေဘုရား) -ဇန်းမော်ကျောင်း -ကျိုတ်ကုန်းကျောင်း -ပါဠိလိကျောင်း -ဗောဓိကျောင်း -လေးထပ်ကျောင်း -နောက်တော်ပါကျောင်း** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁၁/၂၀၀၈ ၂၅-၈-၂၀၀၈ |
| ၂၃ | ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မြောက်ဦးမြို့ဟောင်း | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၂၄ | မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်းရှိ **-စလေဒေသ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၂/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၂၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်အတွင်းရှိ **-ရွှေတိဂုံစေတီတော်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၃/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၂၆ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် **-ကျိုက်မှော်ဝန်းစေတီတော်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၄/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၂၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်အတွင်းရှိ **-ငါးထပ်ကြီးဘုရား** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၅/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၂၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်အတွင်းရှိ **-ခြောက်ထပ်ကြီးဘုရား** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၆/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၂၉ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ **-ကျိုက္ကလဲ့စေတီတော်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၇/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၃၀ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ **-ကျိုက်ဝိုင်းစေတီတော်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၈/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၃၁ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ **-ကျိုက္ကစံစေတီတော်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၉/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၃၂ | ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်းရှိ **-ရွှေဆံတော်စေတီတော်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၁၀/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၃၃ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီးစံပြကျေးရွာရှိ **-ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၁၁/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၃၄ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကြီးကျေးရွာအုပ်စုအတွင်းရှိ **-ကျိုက်ခေါက်စေတီတော်** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၁၂/၂၀၀၉ ၅-၁၁-၂၀၀၉ |
| ၃၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ပုလဲမြို့နယ်အတွင်းရှိ ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ **-ကျစ်ချောင်းများ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၁/၂၀၁၀ ၂၄-၃-၂၀၁၀ |
| ၃၆ | မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်အတွင်းရှိ **-ပရိုင်းမိတ်ရှေးဟောင်းဒေသများ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၂/၂၀၁၀ ၂၄-၃-၂၀၁၀ |
| ၃၇ | ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်ရှိ **-မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်း** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် | ၃/၂၀၁၀ ၅-၄-၂၀၁၀ |

(သတင်းစဉ်)

## သုတရသစာစောင်များ

## ဟိုပန် မြန်/ဆက်သို့ ပေးအပ်လှူဒါန်း

**ဟိုပန် ဩဂုတ် ၂၈**

ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးကြည်ဝင်းက ပေးပို့သည့် သုတရသစာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၁၃ရက် နံနက်၁၀နာရီက မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆာထွန်းက ဦးစီးဌာန ရည်မှန်းချက်တာဝန်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စံ(၅)ချက်နှင့်အညီ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**လှူဒါန်း**

ဆက်လက်ပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးကြာဝင်း၊ မြို့နယ်တာဝန်ခံဦးမင်းဇော်၊ မြို့နယ် စိုက်/ခြံမန်နေဂျာ ဦးသိန်းဝင်းနှင့် ပုံနှိပ်လုပ်ငန်းရှင် ဦးလှဌေးတို့က သုတရသ စာအုပ်စာစောင် ၃၅၀ လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆာထွန်းက လက်ခံယူခဲ့သည်။ **(အောက်ပုံ)**

**(မြို့နယ် မြန်/ဆက်)**



## မြင်းခြံ၌ ကျောက်ချောလမ်းခင်း

**မြင်းခြံ ဩဂုတ် ၂၈**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် မြို့ပြလမ်းငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော မြင်းခြံမြို့ အမှတ်(၁)တိုးချဲ့ရပ်ကွက်ရှိ အောင်ဇေယျ(၆)လမ်း ကျောက်ချောခင်းခြင်းကို ဇူလိုင်၂၅ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအေးမြင့်၊ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ဝေဝေလွင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## နေပြည်တော် မြန်မာ့အသံ
## ရေဒီယိုအစီအစဉ်

**(တနင်္လာနေ့-နံနက်+နေ့လယ်+ည)**
**၃၀-၈-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တောင်တန်းသာသနာပြု
ဆရာတော်ကြီးဦးဥတ္တမသာရ၏
တရားတော် **(အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)**
ဓမ္မပူဇာတေး
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ တေးသီချင်း
၈း၃၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား
(ဂေါ်ဖီစိုက်ပျိုးဝင်ငွေဖြိုး)
တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတို့တွက်တာအလှကမ္ဘာ
(လက်သည်းရှည်ထားသင့် မထားသင့်)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ
(သိပ္ပံသတင်းအတိုအထွာ)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀ တေးပဒေသာ
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ်
(တတိယတန်း ပထဝီဝင်)
တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ
(အရိုးများကိုဂရုပြုပါ)
၁၇း၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၂၂)
ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ရေဒီယိုဇာတ်လမ်းတွဲများ
တေးသီချင်း
၁၉း၄၀ ပြုံးပဒေသာ (အတူတူပါပဲ+၃)
နိုင်ငံရေးဦးတည်ချက်
၂၀း၀၀ ပြည်တွင်းသတင်း
တေးသီချင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ
(အချစ်ရှိသောသူများ နားဆင်ဖို့)
စီးပွားရေးဦးတည်ချက်
၂၁း၀၀ သီချင်းကြီး
လူမှုရေးဦးတည်ချက်
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၂၀ ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

**ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

● ရွှေဖုံးမှ

စက်မှုသင်တန်းကျောင်း (မန္တလေး)နှင့် စက်မှုသင်တန်းကျောင်း (သာဂရ)တို့ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ကို ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ ပခုက္ကူမြို့အနီးတွင်စက်မှု သင်တန်းကျောင်း (ပခုက္ကူ)ကို တည်ဆောက် အကောင်အထည်ဖော်ခဲ့သည်။

စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ကို ၂၀၀၉ခုနှစ် မတ်လ ၂၉ရက်တွင် ပန္နက်တင် မင်္ဂလာပြုလုပ်၍ စတင်တည်ဆောက်ခဲ့ပြီး အလျား မီတာ၂၄၀၊ အနံ ၄၂၈မီတာ စုစုပေါင်း ၃၂ဒသမ ၇၆ ဧက ကျယ်ဝန်းသည်။ စက်မှုသင်တန်းကျောင်း(ပခုက္ကူ)သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့၏ မြောက်ဘက် ပခုက္ကူမြို့မှ မြိုင်မြို့သို့



စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၏ အီလက်ထရွန်နစ် စက်ပြင်သင်တန်းဘာသာရပ်နှင့် စပ်လျဉ်း၍ နည်းပြအရာရှိ ဒေါ်တင်ဇာဦးက ရှင်းလင်းပြောကြားစဉ်။

သွားသော ကားလမ်း၏ အနောက်ဘက် မိုင်တိုင်အမှတ်( ၅/၁)နှင့် (၅/၂) အတွင်း ချောက်ကန်ကျေးရွာအနီးတွင် တည်ရှိသည်။

### ဖွင့်လှစ်ရန်စီစဉ်

စက်မှုသင်တန်းကျောင်း (ပခုက္ကူ)ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံထူထောင်ရန်အတွက် စည်းကမ်းထက်မြက် ကျွမ်းကျင်သော စက်မှုလုပ်သားများ မွေးထုတ်ပေးရန်၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော စက်မှုလုပ်သားများ၏ ကျွမ်းကျင်မှု အဆင့်အတန်းများ ပိုမိုမြင့်မားစေရေးအတွက် လေ့ကျင့်သင်ကြားပေးရန်၊ ဒေသအတွင်းရှိ စက်မှုဝါသနာပါသူ လူငယ်များအား စက်မှုပညာ သင်ကြားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

မကြာမီဖွင့်လှစ်တော့မည့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ)သို့ ပြီးခဲ့သည့် ဧပြီလကုန်ပိုင်းက ကိုယ်တိုင်ကိုယ်ကျရောက်ရှိ လေ့လာခွင့်ရရှိခဲ့သည်။ အညာနွေပူပူကို အန်တုရ၍ သင်တန်းကျောင်းဖွင့်လှစ်နိုင်ရေးအတွက် စီမံကိန်းညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ ကျောင်းအုပ်ကြီး ဦးအောင်သူ၊ သင်တန်းရေးရာဌာနနှင့် အုပ်ချုပ်မှုဌာနတို့မှ တာဝန်ရှိသူများ ကြိုးပမ်းဆောင်ရွက်နေမှုကို မြင်တွေ့သိရှိခဲ့ရသည်။

စက်မှု သင်တန်း ကျောင်း(ပခုက္ကူ) ကျောင်းအုပ်ကြီး ဦးအောင်သူက သင်တန်းကျောင်းဖွင့်လှစ်ရန် စီစဉ်ထားရှိမှုနှင့် စပ်လျဉ်း၍ "သင်တန်းကျောင်းဖွဲ့စည်းပုံအနေနဲ့ အုပ်ချုပ်မှုဌာန၊ သင်တန်းရေးရာဌာနနဲ့ ကျောင်းသားရေးရာဌာနတို့ ရှိပါတယ်။ သင်တန်းရေးရာဌာနအောက်မှာ ဘာသာရပ်ဌာန ကိုးခုရှိပါတယ်။ သင်တန်းကာလတစ်နှစ်ဖြစ်ပြီး သင်တန်းသားဦးရေ ၂၁၆ဦး လက်ခံသင်ကြားပေးမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တွင် သင်တန်းဘာသာရပ် တစ်ခုချင်းအလိုက် တာဝန်ယူသင်ကြားပေးကြမည့် နည်းပြများသည် သက်ဆိုင်ရာ ဘာသာရပ်များအတွက် အိန္ဒိယသမ္မတနိုင်ငံ၌ ၃-၉-၂၀၀၉ရက်မှ၃-၁-၂၀၁၀ရက်အထိ လေးလကြာဆရာဖြစ် သင်တန်း တက်ရောက်ခဲ့ကြသူများဖြစ်သည်။ စက်မှုသင်တန်းကျောင်း (ပခုက္ကူ) စတင်ဖွင့်လှစ်သည့် အချိန်တွင် အိန္ဒိယသမ္မတနိုင်ငံမှ ကျွမ်းကျင်သူဆရာများကိုယ်တိုင် မြန်မာဆရာများနှင့်အတူ တစ်နှစ်သင်တန်းကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၏ ကျောင်းအုပ်ကြီး ဦးအောင်သူက သင်တန်းကျောင်းဖွဲ့စည်းမှုနှင့်သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တွင် သင်ကြားပေးမည့် ဘာသာရပ်ကိုးခုမှာ ကြိတ်ခုံကိုင်တွယ်မောင်းနှင်မှု သင်တန်း (Machinist Miller)၊ တွင်ခုံ ကိုင်တွယ်မောင်းနှင်မှု သင်တန်း (Machinist Turner)၊ ကွန်ပျူတာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှု သင်တန်း (CNC Machinist)၊ အမာတင်လုပ်ငန်းလုပ်သားသင်တန်း (Heat Treatment Worker)၊ သံထည်နှင့် သံဂဟေဆက်လုပ်သားသင်တန်း (Sheet Metal & Welding Worker)၊ TIG & MIG ဂဟေဆက်သင်တန်း (TIG & MIG Welding)၊ မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း (Automobile Mechanics)၊ စက်ရုံလျှပ်စစ်ပညာသည်သင်တန်း (Industrial Electrician) နှင့် အီလက်ထရွန်နစ်စက်ပြင်သင်တန်း Electronics Mechanic) တို့ ဖြစ်ကြသည်။

စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တွင် အထက်တန်းပညာသင်ယူဖူးသူများနှင့် စက်မှုဝါသနာပါသူ မည်သူမဆို (ကျား၊မ မရွေး) လူတွေ့စစ်ဆေးပြီး လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလတစ်နှစ်ပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်ပေးအပ်သွားမည် ဖြစ်သည်။ ဘာသာရပ်တစ်ခုလျှင် အများဆုံး သင်တန်းသား ၂၄ဦးအထိ လက်ခံသင်ကြားပေးနိုင်၍ ဘာသာရပ်ကိုးခုအတွက် စုစုပေါင်း သင်တန်းသား ၂၁၆ ဦး လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။

### တတ်မြောက်နိုင်

သင်တန်းကာလတစ်နှစ်အတွင်းစာတွေ့ ၃၀ရာခိုင်နှုန်း နာရီ ၄၈၀၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း နာရီ ၁၁၂၀ စုစုပေါင်း နာရီပေါင်း ၁၆၀၀ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းသားများ၏ ခံယူမှု၊ လေ့လာမှု အပေါ်မူတည်၍ ၄င်းတို့ တက်ရောက်သည့် ဘာသာရပ်နယ်ပယ်၌ ကျွမ်းကျင် အဆင့်အထိ တတ်မြောက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

မကြာမီ ဖွင့်လှစ်တော့မည့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ)၏ သစ်လွင်ခံ့ညားသော ပင်မအဆောက်အအုံနှင့် အဆောက်အအုံများအတွင်းရှိ အုပ်ချုပ်မှုဌာနမှ ရုံးခန်း များ၊ သင်တန်းရေးရာဌာနမှ စာသင်ဆောင်များနှင့် သင်တန်းလက်တွေ့ပို့ချရာ အလုပ်ရုံများအတွင်းက ခေတ်မီသော သင်ထောက် ကူပစ္စည်းများကို ကျေနပ်အားရဖွယ် မြင်တွေ့ခဲ့ရလေသည်။

သင်တန်းကျောင်းဝင်း အတွင်း စိုက်ပျိုးထားသော သနပ်ခါးပင်များ၊ တမာပင်များ၊ ထနောင်းပင်များနှင့် ပန်းအလှပင်များသည် ပြုစုမှုကောင်းသောကြောင့် နွေအပူဒဏ်ကို အန်တုကာ ရှင်သန်ကြီးထွားလျက်ရှိသည်။ မကြာမီနှစ်များအတွင်း သစ်ပင်ကြီးများ ဖြစ်လာကာ အရိပ်အာဝါသကောင်းများ ပေးစွမ်းနိုင်မည် ဖြစ်သည်။

### ပါဝင်ဆောင်ရွက်

စက်မှုသင်တန်းကျောင်း (ပခုက္ကူ)မှ မွေးထုတ်ပေးမည့် ထက်မြက်ကျွမ်းကျင်သော စက်မှုလုပ်သားများသည် ခေတ်မီဖွံ့ဖြိုး တိုးတက်သော စက်မှုနိုင်ငံတော် တည် ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



# အပြည်ပြည်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းပြပွဲ၌ LOLANE အလှကုန်ပစ္စည်းများပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၂၈

ထိုင်းပို့ကုန်မြှင့်တင်ရေးဌာန (Department of Export Promotion Thailand) ၏ ပံ့ပိုးကူညီမှုဖြင့် Infori-thm-Maze က ကြီးမှူး၍ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော 1 st Yangon International Product Showcase 2010 ပြပွဲတွင် Grand Wynn Enterprises Ltd.က မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသည့် LOLANE အမှတ်တံဆိပ် အလှကုန်ပစ္စည်းများဖြစ်သော ဆံပင်ဆိုးဆေး၊ ဆံပင်ပေါင်းတင်ဆေးနှင့် ဆံပင်ကောက်ဆေးများကို ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါပြပွဲတွင် Thai နိုင်ငံမှ Lolane Professional Hair Technician များက Model လေးများအား 2010 Hair New Design များဖြင့် လက်တွေ့ပြင်ဆင်ပြသခဲ့ပြီး အထူး Promotion အစီအစဉ်တစ်ရပ်အနေဖြင့် ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသူများအား အခမဲ့ ဆံပင်ညှပ်ပေးခြင်း၊ ဆေးဆိုးပေးခြင်းနှင့် ဆံပင်ပေါင်းတင်ပေးခြင်းများ ပြုလုပ်ပေးသည်။ Entertainment Area ၌လည်း Lolane Model လေးများက သရုပ်ဖော်တင်ဆက် အလှပြသကြသည်။

### ခင်းကျင်းပြသ

Lolane က ၂၀၁၀ ခုနှစ်အတွက် အသစ်ထပ်မံ ထုတ်လုပ်လိုက်သော ဆံပင်ဖြူနေသူများအတွက် အလှပြင်ဆိုင်သွား၍ ဆံပင်ဆေးဆိုးရန် အချိန်သီးသန့်ပေးစရာမလိုဘဲ အလွယ်တကူ ခေါင်းလျှော်လိုက်ရုံဖြင့် ငါးမိနစ်အတွင်းဆံပင်ကို ပြန်လည်နက်မှောင်သွားစေသော အရည်အသွေးမြင့်မား လူကြိုက်များသည့် Lolane Nature Code Color Shampoo ကို အထူးဈေးနှုန်းဖြင့် မိတ်ဆက် ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

အရည်အသွေးမြင့်မားကောင်းမွန်ပြီး မြန်မာနိုင်ငံရာသီဥတုနှင့် အထူးသင့်လျော်သည့် Lolane နှင့် Rico & Rina Hair & Body Care Products များကို Grand Wynn Enterprises Ltd. က တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကိုယ်စားလှယ်ရယူပြီးဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် အမှတ်၄၀ ၆၇လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ရှိ Grand Wynn Enterprises Ltd. ရုံးချုပ် ဖုန်း- ၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈ နှင့် ၂၉၁၃၁၉၊ Fax- ၂၉၆၉၂၈ Email- grandwyn@myanmar. com သို့ တိုက်ရိုက်ဆက်သွယ် မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

၂၉-၈-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ ယဉ်ဝေယံထွန်း (တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၅ ၈။ **နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့)**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ **ငှက်တစ်သောင်း**

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မန္တမ်းသောမေတ္တာ** (အပိုင်း-၃၈)
၁၂:၃၀ ၅။ Golf Magazine(TV)
၁၂:၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **မစုံဆုံမှ** နိုင်းနိုင်း၊ ရဲအောင်၊ ရတနာခင်၊ ဂန္တဝင်၊ မေသန်းနု၊ ချိုပြုံး [ဒါရိုက်တာ- မောင်မောင်ဦး (စနိုးဝိုက်)]
၁၄:၃၅ ၇။ တိုင်းရင်းသားရိုးရာတေးသံသာ
၁၄:၄၀ ၈။ အတီးပြိုင်ပွဲ
၁၄:၅၀ ၉။ International News

**ညပိုင်း**

၃:၄၅ ၁။ Myanmar National Leauge MNL Cup 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ရန်ကုန်ယူနိုက်တက် F.C နှင့် Southern Myanmar F.C)**
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် Bugs' Adventures (အပိုင်း-၂၆)
၆:၃၅ ၆။ တစ်မျက်နှာတစ်ကွက်စာ **စံပယ်မျက်ဝန်း (ဒုတိယပိုင်း)** ဇင်မင်းခန့်၊ ရန်နိုင်၊ သီရိရှင်းသန့် [ဒါရိုက်တာ- မေတင် (MMG)]
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၁၀)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ အောင်မြင်ပါစေ မြန်မာပြည် (L လွန်းဝါနှင့်အဖွဲ့) သရုပ်ဆောင်-ကောင်းဆက်ထူးနှင့်အဖွဲ့ (တေးရေး-ကိုင်ဇာ)
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၅၅)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၁၆)

# ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၂၆ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံပြီး ဓာတ်ခွဲမှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် အသစ်တည်ဆောက်ထားသော Biosofty Level II ဓာတ်ခွဲခန်း၊ PCR ဓာတ်ခွဲခန်း၊ ရောဂါဗေဒဓာတ်ခွဲခန်းများနှင့် အဏုဇီဝဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)သို့ အမှတ် ၉၂ နှင်းဆီကုန်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့နေ ဦးအေးသောင်း-ဒေါက်တာဒေါ်အေးအေးသိန်း မိသားစုက ဩဂုတ် ၁၈ရက်က ကျရောက်သော ဒေါက်တာဒေါ်အေးအေးသိန်း၏ မွေးနေ့အလှူအဖြစ် ငွေကျပ်နှစ်သိန်းတိတိကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံယူစဉ်။

(မြန်မာ့အလင်း)



ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ မြဝတီစက်သုံးဆီ အရောင်းဆိုင်(၀၀၄)၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို ဩဂုတ် ၂၅ရက်က ဆိုင်ဝန်ထမ်းများ လက်တွေ့ဆောင်ရွက်ရာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသင်းဌေးရွှေနှင့် မြဝတီ စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်မီးသတ်)



မြင်းခြံမြို့ မြို့မဈေးတွင် ဇူလိုင် ၂၄ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ကြီးကြပ်မှု စစ်ဆေးရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအေးမြင့် ၊ မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်း၊ လျှပ်စစ်အင်ဂျင်နီယာ ဦးနန်းဝင်းဆန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်မိုးပိုင်တို့ ကြီးကြပ်၍ အပေါ့စားမီးသတ်စက်ဖြင့် မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး ကြည့်ရှုအားပေးစဉ်။

(မြို့နယ်စည်ပင်)

# မီးဘေးကာကွယ်ရေး ဘီးလင်း၌ဆောင်ရွက်

ဘီးလင်း ဩဂုတ် ၂၈

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခိုင်လွင်လွင်အောင်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမယ့် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲ

**စုစည်းရေးသားသူ - မြင့်မောင်စိုး**

ဘာလင် ဩဂုတ် ၂၈

**ယူကရိန်းလက်ဝှေ့သမား ဗစ်တာလီကလစ်ရှ်ကိုနဲ့ အမေရိကန်လက်ဝှေ့သမား ရှာနွန်ဘရစ်တို့ဟာ လာမယ့်အောက်တိုဘာ ၁၆ရက်မှာ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြဖို့ရှိပါတယ်။**

ယူကရိန်းလက်ဝှေ့သမား ကလစ်ရှ်ကိုဟာ လက်ရှိ ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်ပါတယ်။ အမေရိကန်



ဒဗလျူဘီစီဟဲဗီးဝိတ်ချန်ပီယံဗစ်တာလီကလစ်ရှ်ကို။

လက်ဝှေ့သမား ရှာနွန်ဘရစ်ကတော့ စိန်ခေါ်သူအနေနဲ့ ဒီပွဲမှာ ထိုးသတ်မှာဖြစ်ပါတယ်။

## ကာကွယ်

အသက် ၃၉နှစ်ရှိပြီဖြစ်တဲ့ ဗစ်တာလီကလစ်ရှ်ကိုက ယခုနှစ် မေလက စိန်ခေါ်သူ ပိုလန်မှ အယ်ဘတ်ဆိုစနိုး စကီကို ၁၀ချီနဲ့ အလဲထိုးပြီး သူ့ရဲ့ ဒဗလျူဘီစီဟဲဗီးဝိတ် ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ပါတယ်။

ဗစ်တာလီကလစ်ရှ်ကိုရဲ့ အစ်ကိုဖြစ်တဲ့ ဗလာဒီမီယာဆိုတာဟာလည်း ဟဲဗီးဝိတ်ချန်ပီယံ တစ်ယောက်ပါပဲ။ ဗလာဒီမီယာက ဗစ်တာလီထက် ချန်ပီယံခါးပတ်ပိုများပါတယ်။ ဗလာဒီမီယာဟာ အိုင်ဘီအက်ဖ်၊ ဒဗလျူဘီအိုနဲ့ အိုင်ဘီအိုဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်သုံးခုကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။ သူတို့ ညီအစ်ကိုနှစ်ယောက်ဟာ လက်ရှိကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံတွေ ဖြစ်ကြပါတယ်။

## လွှဲပေးလိုက်ရ

အမေရိကန် လက်ဝှေ့သမား ရှာနွန်ဘရစ်ကတော့ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၅ရက်က ဘီလာရစ် လက်ဝှေ့သမား ဆာဂူအိလိုင်ယာခိုဗစ်ကို အလဲထိုးပြီး ဒဗလျူဘီအိုဟဲဗီးဝိတ် ချန်ပီယံဖြစ်ခဲ့ပါတယ်။ သူနဲ့ ရုရှားနိုင်ငံက စိန်ခေါ်သူ ဆူလ်တန် အီဘရာဂျီမော့တို့ဟာ ၂၀၀၇ ခုနှစ် ဇွန်လက ထိုးသတ်ကြရာမှာ ရှာနွန်ဘရစ်ရှုံးပြီး သူ့ရဲ့ ဒဗလျူဘီအို ချန်ပီယံခါးပတ်ကို လွှဲပေးလိုက်ရပါတယ်။

ဒါကြောင့်မို့ ရှာနွန်ဘရစ်ဟာ သူ့ရဲ့ဟဲဗီးဝိတ် ချန်ပီယံခါးပတ်ကို ပြန်လည်ရယူဖို့ ကြိုးစားတဲ့အနေနဲ့ ယူကရိန်းဟဲဗီးဝိတ်ချန်ပီယံ ဗစ်တာလီကို စိန်ခေါ်လိုက်ခြင်းဖြစ်ပါတယ်။

## ရှုံးနိမ့်

အသက် ၃၈နှစ်ရှိပြီဖြစ်တဲ့ ရှာနွန်ဘရစ်ဟာ လက်ရှိ ၅၄ ပွဲထိုးသတ်ခဲ့ရာမှာ ငါးပွဲသရေ တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပါတယ်။ လက်ရှိကမ္ဘာ့အဆင့်နံပါတ် ၈မှာရှိပါတယ်။ ဗစ်တာလီကတော့ သူ့ရဲ့လက်ဝှေ့သမား သက်တမ်းတစ်လျှောက် ၄၂ပွဲထိုးသတ်ခဲ့ရာမှာ နှစ်ပွဲသာအရှုံးရှိခဲ့ပါတယ်။ ဒီအထဲမှာ ၃၈ပွဲဟာ အလဲထိုး အနိုင်ပွဲတွေ ဖြစ်ပါတယ်။



စိန်ခေါ်သူ ရှာနွန်ဘရစ်။

## မျှော်လင့်

ဒီပွဲဟာ လက်ဝှေ့ပရိသတ်များအတွက် ပွဲကြီးပွဲကောင်း ပြိုင်ပွဲတစ်ပွဲ ဖြစ်လာမယ်လို့ မျှော်လင့်ရပါတယ်။ ယူကရိန်းလက်ဝှေ့သမားဗစ်တာလီက သူ့ရဲ့ ဟဲဗီးဝိတ် ချန်ပီယံခါးပတ်ကို ဘယ်လိုကာကွယ်ထိုးသတ်မလဲ၊ အမေရိကန်လက်ဝှေ့သမား စိန်ခေါ်သူ ရှာနွန်ဘရစ်ကပဲ ချန်ပီယံဖြစ်လာမလားဆိုတာကတော့ ပရိသတ်များ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။

**ကိုးကား - အင်တာနက်**

# ယူရိုပါလိဂ်အုပ်စုပြိုင်ပွဲ မန်စီးတီးနှင့် ဂျူဗင်းတပ်စ်တို့တွေ့မည်

**အာကာကျော် - ရေးသားသည်**

**လန်ဒန် ဩဂုတ် ၂၈**

ယူရိုပါလိဂ် ယှဉ်ပြိုင်မည့် အုပ်စုပွဲစဉ်များကို သက်ဆိုင်ရာက ထုတ်ပြန်ခဲ့ရာ မန်စီးတီးအသင်းသည် ၎င်း၏ တောင့်တင်းခိုင်မာမှုကို အီတလီစီးရီးအေကလပ်ဂျူဗင်းတပ်စ်က စမ်းသပ်ပေလိမ့်မည်။

## ရင်ဆိုင်

မန်စီးတီးအသင်းသည် အုပ်စု(A)တွင် ပါဝင်ပြီး ဂျူဗင်းတပ်စ်ကဲ့သို့ ဩစတြီးယားမှ ဆယ်ဘတ်နှင့် ပိုလန်မှ လက်ချ်ပေါ့နန်အသင်းတို့ကိုလည်း ရင်ဆိုင်ရမည်ဖြစ်သည်။

ထို့အတူ လီဗာပူးအသင်းကလည်း အုပ်စု (K)တွင် ရိုမေးနီးယားမှ စတူအာဘူခါရက်၊ အီတလီမှနာပိုလီနှင့် နယ်သာလန်မှ ယူထရက်ချ်အသင်းတို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## တက်လှမ်း

အဆိုပါ ယူရိုပါလိဂ်ပြိုင်ပွဲတွင် ကလပ်အသင်းပေါင်း ၄၈သင်းတို့ကို လေးသင်းစီဖြင့် ၁၂အုပ်စုခွဲထားသည်။ အမှတ်အများဆုံးနှစ်သင်းသည် နောက်တစ်ဆင့်တက်လှမ်း နိုင်မည်ဖြစ်သည်။

မန်စီးတီးအသင်းအနေဖြင့် အုပ်စုပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းများကို အနိုင်ယူပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်လိမ့်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းအုပ်ချုပ်သူ ဘရိုင်ယန်မာဝုဒ်က ပြောကြားသည်။

## ထုတ်ဖော်ပြောကြား

ထို့အတူ လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်ကလည်း မိမိတို့အသင်းအနေဖြင့် ယူရိုပါလိဂ်ဖလားသည် အသင်း၏ အဓိက ဦးစားပေးမဟုတ်ကြောင်း၊ သို့သော် အုပ်စုပွဲ အနိုင်ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။



ဂျူဗင်းတပ်စ်ကို ယှဉ်ပြိုင်မည့် မန်စီးတီးကစားသမားများကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

## ၃၂ သင်းဝင်ဖြစ်လာမည်

အဆိုပါ ယူရိုပါလိဂ်အုပ်စုပြိုင်ပွဲများကို စက်တင်ဘာ ၁၆ရက်တွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အမှတ်အများဆုံး ထိပ်ပိုင်းနှစ်သင်းသည် နောက်တစ်ဆင့် ၃၂သင်း ပြိုင်ပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။ ယင်းယူရိုပါလိဂ်ပြိုင်ပွဲမှ ၂၄သင်းနှင့်အတူ ချန်ပီယံလိဂ်အုပ်စု တတိယနေရာရ ရှစ်သင်းတို့သည်လည်း ယူရိုပါလိဂ် ၃၂သင်းဝင် ဖြစ်လာမည်ဖြစ်သည်။

## ယှဉ်ပြိုင်ကစား

လက်ရှိချန်ပီယံ အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပြီးခဲ့သည့်နှစ်က ဖူလ်ဟမ်အသင်းကိုနိုင်ခဲ့ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ချန်ပီယံအက်သလက်တီကို အနေဖြင့် အုပ်စု (B) တွင် လေဗာကူဆင်၊ ရိုစင်ဘော့နှင့် တီဆာလိုနီကီအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အုပ်စု (A)**

ဂျူဗင်းတပ်စ်၊ မန်စီးတီး၊ ဆယ်ဘတ်၊ လက်ချ်ပေါ့နန်

**အုပ်စု (B)**

အက်သလက်တီကိုမက်ဒရစ်၊ လေဗာကူဆင်၊ ရိုစင်ဘော့၊ တီဆာလိုနီကီ

**အုပ်စု (C)**

စပို့တင်း၊ လီလီ၊ လက်စကီဆိုဖီယာ၊ ဂျန့်၊

**အုပ်စု (D)**

ဗီလာရီးရဲ၊ ကလပ်ဘရုဂ်၊ ဒိုင်နမိုဇာဂရက်၊ ပီအေအိုကေ၊

**အုပ်စု (E)**

အယ်လ်ခမာ၊ ဒိုင်နမိုကိဗ်၊ ဘောရက်ဆော့ဗ်၊ အက်ဖ်စီရှာရစ်ဖ်

**အုပ်စု (F)**

စီအက်စ်ကေအေမော်စကို၊ ပါလာမို၊ စပါတာပရပ်၊ လူဆန်နီ

**အုပ်စု (G)**

ဇင်းနစ်၊ အန်ဒါလက်ချ်၊ အေအီးကေအေသင်၊ ဟာဒတ်စပလစ်

**အုပ်စု (H)**

စတုဂတ်၊ ဂီတာဖေး၊ အိုဒန်ဆေး၊ ရန်းဘွိုင်း

**အုပ်စု (I)**

ပီအက်စ်ဗွီအိုင့်ဟိုဗင်၊ဆမ်ဒိုးရီးယား၊အက်ဖ်စီမစ်ဒယ်လစ်ကာကစ်၊ဒီဘာရီစီနီ

**အုပ်စု (J)**

ဆီဗီလာ၊ ပီအက်စ်ဂျီဘောရုရှားဒေါ့မွန်၊ ကာပါတီ၊ အယ်လ်ဗစ်

**အုပ်စု (K)**

လီဗာပူး၊ စတူအာဘူခါရက်၊ နာပိုလီ၊ ယူထရက်ချ်

**အုပ်စု (L)**

ပေါ်တို၊ ဘက်ရှီးတပ်စ်၊ စီအက်စ်ကေအေဆိုဖီယာ၊ ရက်ပစ်ဗီယင်နာ

**(အင်တာနက်)**

❖ ကောင်းမြတ်သူ - ရေးသားသည် ❖

# တိုက်စစ်မှူး အဒီဘာယောအား အုပ်ချုပ်သူ သတိပေး



**လန်ဒန် ဩဂုတ် ၂၈**

မန်စီးတီးတိုက်စစ်မှူး အဒီဘာယောအား အသင်းအုပ်ချုပ်သူ ဘရိုင်ယန်မာဝုဒ်က သတိပေးလိုက်သည်။

တိုက်စစ်မှူး အဒီဘာယောက ပုံမှန်ကစားခွင့်မရလျှင် အသင်းမှ ထွက်ခွာမည်ဟု မကြာမီက ပြောကြားခဲ့သည်။

အဒီဘာယောအနေဖြင့် နည်းပြမန်စီနီ၏ ပွဲထွက်အစီအစဉ်အတိုင်းသာ ကစားခွင့်ရမည် ဖြစ်ကြောင်း၊ စည်းကမ်းအတိုင်းလိုက်နာရမည် ဖြစ်ကြောင်း မာဝုဒ်က သတိပေးလိုက်သည်။

နည်းပြမန်စီနီက ကစားလျက်ရှိသော ပြိုင်ပွဲများတွင် တီဗက်ဇ်အား အဓိက တိုက်စစ်မှူးအဖြစ် ပွဲတိုင်းကစားခွင့် ပေးထားသည်။ **(အင်တာနက်)**

# မန်ယူနောက်တန်းလူ ဖာဒီနန် မကြာမီပြန်ကစားနိုင်မည်

**လန်ဒန် ဩဂုတ် ၂၈**



မန်ယူနောက်တန်းကစားသမား ဖာဒီနန်သည် ဒူးခေါင်းအရွတ်ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်၍ လာမည့်နှစ်ပတ်အတွင်း ပြန်လည်ကစားရန် မျှော်လင့်ထားသည်။

ဖာဒီနန်သည် ယခုသီတင်းပတ်အတွင်း လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ ၎င်းသည် ဇွန် ၄ရက်က လေ့ကျင့်မှုပြုလုပ်စဉ် ကစားဖော်ဟက်စကီးနှင့်ထိပြီး ဒဏ်ရာရရှိခဲ့သဖြင့် ကမ္ဘာ့ဖလားပွဲနှင့်လွဲချော်ခဲ့ရသည်။ ဗဟိုခံစစ်မှူးဖာဒီနန်သည် ဒဏ်ရာမှ ပြန်ကောင်းလာခဲ့သော်လည်း လာမည့် ယူရို ၂၀၁၂ ခြေစစ်ပွဲများကစားရာတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားနိုင်ဖွယ်မရှိပေ။ ယူရို ၂၀၁၂ ခြေစစ်ပွဲအဖြစ် အင်္ဂလန်အသင်းသည် ဘူလ်ဂေးရီးယားအသင်းနှင့် စက်တင်ဘာ ၃ရက်တွင်လည်းကောင်း၊ ဆွစ်ဇာလန်အသင်းနှင့် စက်တင်ဘာ ၇ရက်၌ လည်းကောင်း ကစားရန်ရှိသည်။ **(အင်တာနက်)**

# မန်စီးတီးတိုက်စစ်မှူးဟောင်း ဘင်ဂျာနီ ဘလက်ဘန်းနှင့် စာချုပ်ချုပ်ဆို



**လန်ဒန် ဩဂုတ် ၂၈**

မန်စီးတီး တိုက်စစ်မှူးဟောင်း ဘင်ဂျာနီကို ဘလက်ဘန်းက ခေါ်ယူစာချုပ်လိုက်သည်။

အသက် ၃၂နှစ်ရှိ ဘင်ဂျာနီသည် ဇွန်လက မန်စီးတီးမှ ထွက်ခဲ့ပြီးနောက် ယခုလတွင် ဘလက်ဘန်းအသင်းတွင် လေ့ကျင့်လျက်ရှိသည်။

၎င်းအား ဘလက်ဘန်းက တစ်နှစ်စာချုပ် ချုပ်ထားသည်။ လိုအပ်ပါက နောက်ထပ်တစ်နှစ်စာချုပ်မည်ဟုဆိုသည်။ ဘင်ဂျာနီသည် ဇင်ဘာဘွေလက်ရွေးစင် ဘောလုံးသမားဖြစ်သည်။ လွန်ခဲ့သောနှစ်နှစ်က မန်စီးတီးသို့မရောက်မီ အော်ဇေးကလပ်တွင် ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

# အိုင်ဗရီကို့စ် ကွင်းလယ်ကစားသမား နယူးကာဆယ်ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၈**

နယူးကာဆယ်အသင်းသည် ဒတ်ချ် ချန်ပီယံ အက်ဖ်စီတွမ်တီးမှ အိုင်ဗရီကို့စ် ကွင်းလယ်ကစားသမား တီအိုတေးအား ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

## စတင်ကစား

အသက် ၂၄နှစ်ရှိ တီအိုတေးသည် လာမည့် သီတင်းပတ်တွင် အိုင်ဗရီကို့စ် အသင်းအတွက် ကစားပေးရန်ရှိနေသေး၍ စက်တင်ဘာ ၁၄ရက်တွင် ဘလက်ပူးလ်



နှင့် ကစားမည့်ပွဲမှစပြီး နယူးကာဆယ် အသင်းတွင် စတင်ကစားပေးဖွယ်ရှိသည်။

တီအိုတေးသည် ယခုနှစ်တွင် နယူးကာဆယ်က ခေါ်ယူစာချုပ်ခဲ့သည့် စတုတ္ထမြောက်ကစားသမားဖြစ်သည်။ ၎င်းသည် အက်ဖ်စီတွမ်တီးမတိုင်မီက အန်ဒါလက်ချ် ကလပ်တွင်လည်း ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**




## ချယ်လ်ဆီးနှင့်အာဆင်နယ် နိုင်ပွဲဆက် စပါးတို့ အိမ်ကွင်း၌ရှုံးပွဲကြုံ

**မြင့်မောင်စိုး ➤ စုစည်းသည်**

**လန်ဒန် ဩဂုတ် ၂၈**

ပရီမီယာလိဂ်ပွဲစဉ်(၃) ဘောလုံးပွဲများကို ဩဂုတ် ၂၈ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်က ဘလက်ဘန်းအိမ်ကွင်းတွင် နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ရမှတ်သုံးမှတ် စုဆောင်းနိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ဝေါကော့သ်က ပွဲချိန် မိနစ် ၂၀တွင် ပေါရိုဘင်ဆင်၏ ထောင့်ကန်ဘောမှ တစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်ဘလက်ဘန်းတို့ ချေပဂိုးသွင်းနိုင်ရေး ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၂၇မိနစ်တွင် ဒီအော့ဖ်က သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်နှင့် ဘလက်ဘန်းတို့ အပြန်အလှန်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် မိနစ် ၅၀တွင် အာရှာဗင်က အာဆင်နယ်အတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။



အာဆင်နယ်အသင်းအတွက်အဖွင့်ဂိုးကို ဝေါကော့သ်က ဤသို့သွင်းယူခဲ့သည်။

**ချယ်လ်ဆီး–စတုတ်**

ချယ်လ်ဆီးက စတုတ်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးကို မာလူဒါက ပွဲချိန် ၃၂မိနစ်တွင် သွင်းယူခဲ့ပြီး ပွဲသိမ်းအနိုင်ဂိုးကိုတော့ တိုက်စစ်မှူး ဒရော့ဘာက ပွဲချိန် ၇၇ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ သုံးပွဲဆက်တိုက်အနိုင်ရခဲ့သည်။

**ဘလက်ပူးလ်–ဖူလ်ဟမ်**

တန်းတက်အသင်း ဘလက်ပူးလ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် ပွဲသိမ်းအနိုင်ယူရန်ကြိုးစားနေချိန်တွင် အီသူဟူက ဖူလ်ဟမ်အတွက် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပွဲအပြီး နှစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့သည်။

**အခြားပွဲရလဒ်**

| | | | | | |
|---|---|---|---|---|---|
| စပါး | ၀ | – | ၁ | ဝီဂန် | |
| ဝူဗာဟမ်တန် | ၁ | – | ၁ | နယူးကာဆယ် | |
| မန်ယူ | ၃ | – | ၀ | ဝက်စ်ဟမ်း | (အင်တာနက်) |



မကွေးအသင်း ခေါင်း ဆောင် အောင်မြင့်အေးနှင့် ကမ္ဘောဇမှ ဉာဏလွင်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။

## အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ယူခဲ့တဲ့ကမ္ဘောဇ

**သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ–ဖိုးသော်ဇင်**

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၄)ကို ယနေ့ ညနေပိုင်းက တောင်ကြီးမြို့ရှိ ကမ္ဘောဇကွင်း၊ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ မန္တလေးမြို့ရှိ ဗထူးကွင်းတို့တွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်း၊ ရတနာပုံအသင်းနဲ့ ဒယ်လ်တာယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြပါတယ်။

**(ကမ္ဘောဇကွင်း)**

**ကမ္ဘောဇအသင်း – သုံးဂိုး။**
**မကွေး – ဂိုးမရှိ။**

အသင်းခေါင်းဆောင် လွင်ဦးနဲ့ နိုင်ဇော်ထွန်းကလွဲရင် အောင်မြင့်အေး၊ အဘိုလာဂျီ၊ မန်ဆာတို့နဲ့ လူစုံနီးပါးပါဝင်ခဲ့ပေမယ့် မကွေးအသင်းဟာ အိမ်ရှင်ကမ္ဘောဇဆီက အမှတ်မယူနိုင်ခဲ့ပါဘူး။ ကမ္ဘောဇအသင်းဟာ ၁၄ မိနစ်မှာ နေဇော်ထက်က အဖွင့်ဂိုး စတင်သွင်းယူခဲ့ပါတယ်။ ဂိုးရပြီး နောက်ပိုင်း ပွဲမှာအကြိတ်အနယ်ရှိလာခဲ့ပြီး ၅၄ မိနစ်မှာ တိုက်စစ်မှူးစိုးမင်းဦးက ကမ္ဘောဇအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။ တတိယဂိုးကိုတော့ ၈၅ မိနစ်မှာ စည်သူအောင်က သွင်းယူခဲ့ပါတယ်။

**(သုဝဏ္ဏကွင်း)**

**ဒယ်လ်တာယူနိုက်တက် – နှစ်ဂိုး။**
**နေပြည်တော် – တစ်ဂိုး။**

ဒုတိယအကျော့မှာ တစ်မှတ်ပဲရသေးတဲ့ ဒယ်လ်တာယူနိုက်တက်အသင်းအတွက် ပထမဦးဆုံးနိုင်ပွဲဖြစ်ပါတယ်။ ဒယ်လ်တာ အသင်းဟာ ပွဲအစ သုံးမိနစ်မှာ နေပြည်တော် ဂိုးသမားနေလှိုင်နဲ့ နောက်ခံလူ မာတင်တို့ နားလည်မှုလွဲတာကို အခွင့်ကောင်းယူပြီး အောင်ကျော်မျိုးက အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး အနိုင်ဂိုးကိုတော့ ၈၃ မိနစ်မှာ တင်ဇော်မိုးက သွင်းယူပေးခဲ့ပါတယ်။ ၃၂ မိနစ်မှာတော့ လာကျဲအိုလွယ်က ချေပဂိုး တစ်ဂိုး ပြန်သွင်းခဲ့ပါတယ်။

**(ဗထူးကွင်း)**

**ရတနာပုံ – နှစ်ဂိုး။**
**မနော်မြေ – ဂိုးမရှိ။**

ရတနာပုံအတွက် အနိုင်ဂိုးတွေကို အသစ်ခေါ်ထားတဲ့ အိုင်ဗရီကို့စ်တိုက်စစ်မှူး အက်စလေက ၁၇မိနစ်နဲ့ ၆၃မိနစ်တို့မှာ သွင်းယူခဲ့ပါတယ်။ **(မြန်မာ့အလင်း)**

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

**ရန်ကုန်ယူနိုက်တက် နှင့် Southern Myanmar**

## ပခုက္ကူဦးအုံးဖေ စာပေဆု စာမူများ အောက်တိုဘာလကုန်အထိ တင်သွင်းနိုင်

**ရန်ကုန် ဩဂုတ် ၂၈**

ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေ ဘာသာရပ်ငါးမျိုးအတွက် စာမူများကို လက်ခံလျက်ရှိသည်။

**ပေးပို့နိုင်**

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန် စီမံရေးရာဌာနတွင် ငွေကျပ် ၁၀၀ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ငွေကျပ်၂၀၀ကို ငွေသားဖြင့် ပေးပို့မှာယူနိုင်ကြောင်း သိရသည်။

၂၀၁၀ခုနှစ်အတွက် ပြိုင်ပွဲဝင်မည့် စာမူများကို အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ ၅၂၉–၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရုံး ရန်ကုန်မြို့သို့ တင်သွင်းနိုင်ပြီး ဖုန်း–၀၁–၃၈၁၄၄၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုင်းကိုးကျေးရွာအုပ်စု မိုင်းဟိ–မယ်ဖုံးလုံ ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့ ဩဂုတ် ၇ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်း ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၁၀ ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**
**(၂၉–၈–၂၀၁၀)ရက်နေ့**
**၂၀၁၀ ခုနှစ် စက်တင်ဘာလအတွက် (၁၂–၉–၂၀၁၀)ရက်နေ့နှင့်**
**(၂၆–၉–၂၀၁၀)ရက်နေ့**

29-8 (13).pmd 1 8/29/2010, 2:59 AM

# ပဲခူးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ်၁၃ရက်က ပြည် (ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီးဒုတိယဥက္ကဋ္ဌသည် ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့အတွင်း ရထားလမ်းဘေး ဝဲယာတစ်လျှောက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ နေကြာစိုက်ခင်းများနှင့် မိုးမြေပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ပညာရည်ချွန်ဆုချီးမြှင့်ပွဲ မရမ်းကုန်းမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်း လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အသင်းသားများသို့ အကျိုးအမြတ်ငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက်က မရမ်းကုန်းမြို့နယ် အထက(၄)သပြေခန်းမ၌ကျင်းပရာ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အုပ်ချုပ်မှုဒါရိုက်တာဦးတင်အုန်းက ဖတ်ကြားတင်သွင်းသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက အသင်းသားများသို့ အကျိုးအမြတ်ငွေကျပ် ၆၃၃၀၃၀ ကို ပေးအပ်ရာ အသင်းသားများကိုယ်စား မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်တင်ငွေနှင့် အထက(၄) မရမ်းကုန်းကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းတို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

**ချီးမြှင့်**

ထို့နောက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မရမ်းကုန်းမြို့နယ် ဆရာ ဆရာမ ပညာရေးဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဒါရိုက်တာအဖွဲ့ဝင်များက တစ်ဘာသာမှ ခြောက်ဘာသာအထိ ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၂၁ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်သည်။ **(၁၁၁)**

# ဝေနေယျသုခရေချမ်းစင် ပြက္ခဒိန် ထွက်ပြီ

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၁၁ခုနှစ် ဝေနေယျသုခရေချမ်းစင် အသင်း ပြက္ခဒိန်နှစ်မျိုး ထွက်ရှိပြီ ဖြစ်သည်။ တစ်နှစ်စာ ရေဖိုးငွေကျပ် ၃၀၀၊ ၄၀၀လှူဒါန်းကာ ပြက္ခဒိန်မေတ္တာ လက်ဆောင်ရယူနိုင်သည်။ ယခုအထိ ရေအလှူဒါန ငွေကျပ် ၁၄၆၀၂သိန်း လှူဒါန်းခဲ့ပြီး ရေသန့်ဘူးပေါင်း ၁၂သိန်း လှူဒါန်းခဲ့သည်ကို သာဓုခေါ်၍ ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လှူ ငွေကျပ်၁၀၀၀၀နှုန်းဖြင့် ရွှေတိဂုံ ဝေနေယျ သုခမွှေရုံ ဖုန်း-၃၈၁၇၃၆နှင့် ၃၈၃၅၁၁၊ လိုင်းခွဲ (၁၇၁)သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြို့နယ် သတင်း ထွေထွေလာ

# ကော့ရေခါးအခြေခံပညာမူလတန်းကျောင်းခွဲ ကော့ကရိတ်မြို့နယ်၌ဖွင့်

**ကော့ကရိတ် ဩဂုတ် ၂၈**

ကော့ကရိတ်မြို့နယ် ကော့ရေခါးအခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ရက်က ကျင်းပရာ ခေတ္တမြို့နယ်ပညာရေးမှူး ဦးစောရွှေကြည်၊ နဘူး အထကမှ ကျောင်းအုပ်ဆရာကြီး ဦးမန်းကျော်ဖိုးနှင့် ကျေးရွာဥက္ကဋ္ဌဦးရွှေခဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

**ဆုများချီးမြှင့်**

ထို့နောက် ခေတ္တမြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဦးရွှေခဲက ကျောင်းဖြစ်မြောက်ရေး ရှင်းလင်းပြောကြားကာ ကျောင်းခွဲနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင် ဦးထွန်းထွန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။ **(ပညာရေး)**

**ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်၊ မြို့ထွက်ဆိုင်းဘုတ်များတွင် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ မြက်ခင်းများပျိုးထောင်ခြင်းနှင့် ရေပန်းများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၃၁ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)





# အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ သံဖြူဇရပ်မြို့နယ်၌ ကျင်းပ

**သံဖြူဇရပ် ဩဂုတ် ၂၇**

ပြည်တွင်းအခွန်များဦးစီးဌာန မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးနှင့် သံဖြူဇရပ်မြို့နယ် အခွန်ဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ မြို့လယ်မွှောရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် သံဖြူဇရပ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဇော်ဇော်ထွေးက အခွန်ထမ်းဆောင်ခြင်းဆိုင်ရာ လုပ်ငန်းရပ်များနှင့် ဝင်ငွေကြေညာလွှာတင်သွင်းမှု၊ ကြိုတင်အခွန် ပေးသွင်းမှုတို့နှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးခဲ့ပြီး**(အပေါ်ပုံ)**ဆွေးနွေးပွဲတက်ရောက်လာသူများက ပြန်လည်မေးမြန်းမှုများကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဇော်ဇော်ထွေးက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။ **(ပြည်တွင်းအခွန်ဦးစီး)**

# တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာသင်တန်း မော်လမြိုင်ကျွန်းမြို့နယ်၌ ဖွင့်လှစ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ကုသနိုင်ရေးအတွက် ကျေးလက်တိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီခွဲက မော်လမြိုင်ကျွန်းမြို့နယ် သောင်တိုးမြေရှိ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ခန်းမ၌ကျင်းပရာ ဖွင့်ပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြကြိုင် **(အောက်ပုံ)**တို့က အမှာစကား ပြောကြားကြသည်။

**သင်ကြားပို့ချ**

သင်တန်းတွင် မွေးမြူရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ပြည်သူလူထု အသိပညာ မြှင့်တင်ရေးဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(၁၄၂)**



# စက်တင်ဘာလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

**ရန်ကုန် ဩဂုတ် ၂၈**

ညွှန့်ဝေ(ကသာ)၊ စလင်းသန်းတင့်(ငဖဲ)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ကြင်နွယ်၊ မနွေ၊ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ မောင်ချိုဝေတို့၏ကဗျာများ၊ တင်အောင်နီ၊ ငွေကြည်၊ မြေဇာ၊ သစ်ထွဏ်း၊ စည်သူကျော်တို့၏ တစ်မျက်နှာကာတွန်းများ၊ ရှင်ဉာဏ (ဖျာပုံ)၊ ဗိုလ်ကလေးတင့်အောင်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မောင်ခင်မင်(ဓနုဖြူ)၊ ပီကျော်ဟန်၊ ဒေါက်တာသန့်စင်၊ မင်းယုဝေ၊ စာတည်းတစ်ဦး၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ချမ်းငြိမ်းသန့်စင်၊ ချစ်စံဝင်း၊ ကိုခန့်(သုတေသန)၊ မောင်စူးစမ်း၊ ကေကေ(မဟာဝိဇ္ဇာ)၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ရဲမာန်ခ၊ စိုးဝင်း(မြစ်ခြေ)၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ(မွှာစရိယ-ဘီအေ)၊ စံ-ဇာဏီဘို၊ မောင်နှင်းလှိုင် (ထမင်းဈေး)၊ ညောင်ဦးဖိုးချို၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ထွန်းလှိုင်၊ ဂွမ်းဖြူဇင်၊ လှဘုန်းအောင်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ထွန်းဦးတင်၊ ရဲရဲထွန်း(ဟသ်ာတ)၊ ချိုနွယ်(ရူပဗေဒ)၊ ဒေါက်တာခင်မောင်ညို၊ ရင်မောင် (မြတ်စုရင်)၊ တင်သန်းဦး၊ မျိုးခင်တို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝရသများအပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည်ဖြစ်သည်။

**ရောင်းချပေး**

မြဝတီမဂ္ဂဇင်းကို အမှတ် ၁၈၁ ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် (၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPPအရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နောင်ချိုမြို့ပေါ်ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ ဩဂုတ် ၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်ကြီးကြပ်စဉ်။**

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# ကျွဲရှင်းတံတား လေးလမ်းသွား အသစ်တည်ဆောက်ရေးလုပ်ငန်း

## ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ကျွဲရှင်းတံတား လေးလမ်းသွား အသစ်တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

နေပြည်တော် ဩဂုတ် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၇ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာလာပြီး နေပြည်တော် မိုင်တိုင်အမှတ် (၁၂/၀)မှ (၁၇/၄)အထိ ၅မိုင် ၄ဖာလုံအား နေပြည်တော်ခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)တို့က စက်ယန္တရားများဖြင့် လေးလမ်းသွား တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ကျွဲရှင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်က ကျွဲရှင်းတံတား လေးလမ်းသွား အသစ်တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော်-ကျွဲရှင်းလမ်းအပိုင်း ၅ မိုင် ၄ ဖာလုံကို လမ်းတိုးချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်နေသော *စာမျက်နှာ ၈ ကော်လံ ၁* ❐

## မိုးရွာသွန်းလေသမျှ ၂၈-၈-၂၀၁၀

| | |
|---|---|
| နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် | ၃ ဒသမ ၁၁ လက်မ |
| ခန္တီးမြို့ | ၄ ဒသမ ၉၆ လက်မ |
| ကော့ကရိတ်မြို့ | ၃ ဒသမ ၆၂ လက်မ |
| ကျောက်တော်မြို့ | ၃ ဒသမ ၄၂ လက်မ |
| မုဒုံမြို့ | ၃ ဒသမ ၀၃ လက်မ |
| ကျိုက္ကမီမြို့ | ၂ ဒသမ ၈၇ လက်မ |
| ဘားအံမြို့ | ၂ ဒသမ ၆၀ လက်မ |



ပင်လယ်ရေအောက် မီတာ ၇၀၀၀ အထိ ငုပ်လျှိုးနိုင်သည့် ရေငုပ်သင်္ဘောငယ်တစ်စင်းကို တောင်တရုတ်ပင်လယ်၌ တွေ့ရစဉ်။ (စာ-၄)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းအညွှန်း



သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမယ့် ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံခါးပတ်လုပွဲ (စာ-၁၂)